# ကုမ္ပဏီ ဒါရိုက်တာများ လမ်းညွှန်

## မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ အတွက် လမ်းညွှန်

DICA
Directorate of Investment and Company Administration

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန

# ကုမ္ပဏီ ဒါရိုက်တာများ လမ်းညွှန်

## မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ အတွက် လမ်းညွှန်

မှတ်ချက်။ ဤလမ်းညွှန်သည် ကုမ္ပဏီများနှင့်၎င်းတို့၏ ဒါရိုက်တာများနှင့်စပ်လျဉ်းသော အထွေထွေ သတင်းအချက်အလက်များကို သိရှိနိုင်ရန် ထုတ်ပြန်ခြင်း ဖြစ်ပါသည်။ ဤလမ်းညွှန်အား ဥပဒေဆိုင်ရာနှင့် ကျွမ်းကျင်မှုဆိုင်ရာ အကြံဉာဏ်ပေးခြင်းဟု မှတ်ယူရန်မဟုတ်ပါ။ ကုမ္ပဏီဆိုင်ရာ အကြံဉာဏ်များအား လိုအပ်သလို ရှာဖွေရန် ဖြစ်ပါသည်။

J

# မာတိကာ


| | | |
|---|---|---|
| အခန်း(၁) | လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များစာရင်း | ၇ |
| အခန်း(၂) | မှတ်ပုံတင်ထားသောကုမ္ပဏီအနေဖြင့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း | ၉ |
| | ကုမ္ပဏီတစ်ခု၏ အဓိကထူးခြားသော လက္ခဏာများ | ၉ |
| | ကုမ္ပဏီဖွဲ့စည်းခြင်းအကျိုးကျေးဇူး | ၁၀ |
| | မှတ်ပုံတင်နိုင်သော ကွဲပြားသည့် ကုမ္ပဏီအမျိုးအစားများ | ၁၂ |
| | အစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ (အများနှင့် မသက်ဆိုင် သည့် သို့မဟုတ် အများနှင့်သက်ဆိုင်သည့်) | ၁၂ |
| | ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ | ၁၃ |
| | တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီ | ၁၃ |
| | အသေးစားကုမ္ပဏီများ | ၁၅ |
| | နိုင်ငံခြားကုမ္ပဏီများ | ၁၆ |
| အခန်း(၃) | ကုမ္ပဏီ၏ပိုင်ဆိုင်မှု | ၁၇ |
| | အစုရှယ်ယာရှင်များနှင့်ဒါရိုက်တာများ၏အခွင့်အာဏာ | ၁၇ |
| | ကုမ္ပဏီ၏အစုရှယ်ယာရှင်တစ်ဦးဖြစ်လာခြင်း | ၁၇ |
| | အစုရှယ်ယာရှင်များ၏အခွင့်အရေးများနှင့်တာဝန်များ | ၁၈ |
| | အစုရှယ်ယာရှင်များ၏ဆန္ဒမဲပေးရန်အခွင့်အရေး | ၁၉ |
| | အစုရှယ်ယာရှင်ဆုံးဖြတ်ချက်များ | ၂၀ |
| | အစုရှယ်ယာရှင်များအစည်းအဝေး (အထွေထွေအစည်းအဝေးများ) | ၂၂ |
| | အစုရှယ်ယာရှင်များ၏အခြားအခွင့်အရေးများ | ၂၃ |
| အခန်း(၄) | ကုမ္ပဏီကိုစီမံခန့်ခွဲခြင်း | ၂၇ |
| | ဒါရိုက်တာ | ၂၇ |
| | ဒါရိုက်တာများအတွက်လိုအပ်ချက်များ | ၂၇ |

## မာတိကာ


| | | |
|---|---|---|
| | ဒါရိုက်တာများခန့်အပ်ခြင်း | ၂၈ |
| | ဒါရိုက်တာများနုတ်ထွက်ခြင်း၊ အငြိမ်းစားယူခြင်း သို့မဟုတ် ဖယ်ရှားခြင်း | ၂၉ |
| | ဒါရိုက်တာများ၏အခွင့်အာဏာများ | ၃၀ |
| | ဒါရိုက်တာများ၏ဥပဒေဆိုင်ရာတာဝန်များ | ၃၁ |
| | ဒါရိုက်တာ၏တာဝန်များနှင့်ဥပဒေဆိုင်ရာလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း | ၃၃ |
| | အခြားအရာရှိများ | ၃၃ |
| အခန်း(၅) | မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ကုမ္ပဏီများအတွက် လိုအပ်ချက်များ | ၃၇ |
| | မှတ်ပုံတင်ထားသောရုံးခန်းထားရှိခြင်းနှင့်ကုမ္ပဏီအမည်အသုံးပြုခြင်း | ၃၇ |
| | ကုမ္ပဏီမှတ်ပုံတင်များ နှင့် မှတ်တမ်းများကို ထိန်းသိမ်းထားခြင်း | ၃၇ |
| | နှစ်တိုင်းနှစ်စဉ်အစီရင်ခံစာတင်ပြခြင်း | ၄၀ |
| | အထွေထွေအစည်းအဝေးများကျင်းပခြင်း | ၄၁ |
| | ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများနှင့်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း | ၄၂ |
| | စာရင်းစစ်ဆေးထားသောဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းပြုစုခြင်း (လိုအပ်ပါက) | ၄၃ |
| | ကုမ္ပဏီ၏အသေးစိတ်အချက်အလက်များပြောင်းလဲခြင်းများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြခြင်း | ၄၄ |
| အခန်း(၆) | ကုမ္ပဏီ၏အသေးစိတ်အချက်အလက်များ ပြောင်းလဲခြင်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားတင်ပြခြင်း | ၄၇ |
| | ဒါရိုက်တာပြောင်းလဲခြင်းများ | ၄၇ |
| | အစုရှယ်ယာရှင်များပြောင်းလဲခြင်းများ | ၄၈ |
| | အစုရှယ်ယာမတည်ငွေရင်းပြောင်းလဲခြင်းများ | ၄၉ |
| | ကုမ္ပဏီ၏အမည်ပြောင်းလဲခြင်း | ၄၉ |
| | ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြောင်းလဲခြင်းများ | ၅၀ |

## မာတိကာ


| | | |
|---|---|---|
| | မှတ်ပုံတင်ထားသောကုမ္ပဏီရုံးခန်း(သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိက လုပ်ဆောင်သည့်လိပ်စာ) ပြောင်းလဲခြင်း | ၅၁ |
| အခန်း(၇) | ကုမ္ပဏီတစ်ခုအားဖျက်သိမ်းခြင်း | ၅၃ |
| | ဆန္ဒအလျောက်ဖျက်သိမ်းခြင်း | ၅၃ |
| | စည်းမျဉ်းအရဖျက်သိမ်းခြင်း | ၅၅ |
| | လုပ်ငန်းဆောင်ရွက်ခြင်းမရှိသောကုမ္ပဏီများကိုစာရင်းမှပယ်ဖျက်ခြင်း | ၅၆ |
| အခန်း(၈) | အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO ) | ၅၇ |
| | MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ် အသုံးပြုခြင်း | ၅၇ |
| | ပုံစံများနှင့်စာရွက်စာတမ်းများကို ပေးပို့တင်ပြခြင်း | ၅၈ |
| | ပေးသွင်းရမည့် အခကြေးငွေ နှင့် နောက်ကျကြေး | ၅၈ |
| | ကုမ္ပဏီများနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များဝယ်ယူခြင်း | ၅၈ |

## အခန်း(၁)

## လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များစာရင်း

၁။ စီးပွားရေးလုပ်ငန်းတစ်ခုကိုကုမ္ပဏီအနေဖြင့်ဆောင်ရွက်မည်ဆိုပါက ယေဘုယျအားဖြင့်လိုက်နာရမည့် ဥပဒေဆိုင်ရာလိုအပ်ချက်များကို အောက်တွင်ဖော်ပြထားပါသည်-

(က) **မှတ်ပုံတင်ထားသောရုံးခန်း။** သင်၏ကုမ္ပဏီသည်မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ရုံးခန်းရှိရမည်။ ရုံးခန်း၏တည်နေရာကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြားရမည်။ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် စီးပွားရေး လုပ်ငန်း လုပ်ကိုင်သည့်နေရာ ကွဲလွဲပါက ထိုစီးပွားရေးလုပ်ငန်း ဆောင်ရွက်သည့် တည်နေရာကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ခ) **ကုမ္ပဏီမှတ်ပုံတင်စာရင်းများနှင့်မှတ်တမ်းများကိုကောင်းစွာ ထိန်းသိမ်းခြင်း။** ကုမ္ပဏီ၏ နောက်ဆုံးအချက်အလက်များအထိပါရှိသော မှတ်ပုံတင်စာရင်းများ (ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းနှင့် ဒါရိုက်တာများနှင့် အတွင်းရေးမှူး တို့၏ မှတ်ပုံတင်စာရင်းစသည်များ) ကိုထိန်းသိမ်းရမည်။ ကုမ္ပဏီ၏ဆောင်ရွက်ချက်များ၊ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို မှန်ကန်စွာ ရေးသွင်း ဖော်ပြထားသော ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကိုလည်း ထိန်းသိမ်းထားရမည်။ ဥပဒေအရ လိုအပ်ပါက စာရင်းစစ် စစ်ဆေးထားသော ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများကို ပြုစုရမည့်အပြင် အများနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်ပါက အဆိုပါအစီရင်ခံစာကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) **ဒါရိုက်တာများ၏ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်တင်ပြခြင်း။** ဒါရိုက်တာများ (ကုမ္ပဏီ၏အတွင်းရေးမှူးတစ်ဦးခန့်အပ်ခဲ့ပါကအတွင်းရေးမှူး)၏ အမည်၊ မွေးသက္ကရာဇ်၊ လိင်၊ နိုင်ငံသားနှင့် လက်ရှိနေထိုင်သည့် လိပ်စာတို့ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြားရမည်။ ၎င်းတို့ အသေးစိတ် အချက်အလက်များပြောင်းလဲပါကလည်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြားရမည်။

(ဃ) **ကုမ္ပဏီ၏ပြောင်းလဲမှုဆိုင်ရာ အချက်အလက်များကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြားတင်ပြခြင်း။** အစုရှယ်ယာအသစ်များ ထုတ်ပေးခြင်း၊ အစုရှယ်ယာများလွှဲပြောင်းခြင်း၊ အစုရှယ်ယာ ပိုင်ဆိုင်သူ သို့မဟုတ် ဒါရိုက်တာ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ကုမ္ပဏီ၏အမည် သို့မဟုတ် မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာပြောင်းလဲခြင်းကဲ့သို့သော ကုမ္ပဏီ၏အသေးစိတ်အချက်

အလက်များပြောင်းလဲမှုကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြားတင်ပြရမည်။ အဆိုပါပြောင်းလဲခြင်းများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့အကြောင်းကြားတင်ပြရာတွင် ကန့်သတ်ထားသည့် အချိန်အတွင်း တင်ပြရန်ဖြစ်ပြီး နောက်ကျတင်ပြခြင်းအတွက် နောက်ကျကြေးများ ပေးဆောင်ရပါမည်။

(င) **နှစ်စဉ်အစီရင်ခံစာတင်ပြခြင်း။** တစ်နှစ်လျှင်တစ်ကြိမ် နှစ်စဉ်အစီရင်ခံစာကို တင်ပြခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ MyCO အီလက်ထရောနစ် ကုမ္ပဏီ မှတ်ပုံတင်စာရင်းရှိ ကုမ္ပဏီ၏အသေးစိတ် အချက်အလက်များသည် မှန်ကန်တိကျ၍ နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသည့် အချက်အလက်များ ဖြစ်ရမည်။ နှစ်စဉ်အစီရင်ခံစာတင်ပြခြင်းကို ကုမ္ပဏီတိုင်းမှ မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပြီး တင်ပြရန် ပျက်ကွက်ပါက ကုမ္ပဏီကိုဆိုင်းငံ့ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းမှပယ်ဖျက်ခြင်းခံရမည်ဖြစ်သည်။

(စ) **ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ သက်ဆိုင်သည့် အခကြေးငွေများ ပေးသွင်းခြင်း။** ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် ကုမ္ပဏီ မှတ်ပုံတင်သည့် အခါတွင်လည်းကောင်း၊ စာရွက်စာတမ်းများတင်ပြသည့် အခါတွင်လည်းကောင်း သတ်မှတ်အခကြေးငွေကို ကုမ္ပဏီက ပေးဆောင်ရမည်။ ကုမ္ပဏီ၏ ပြောင်းလဲမှုများနှင့် ပတ်သက်၍ အချိန်မီ အကြောင်းကြားတင်ပြခဲ့ခြင်း မရှိပါက ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက နောက်ကျကြေးကိုသတ်မှတ်နိုင်သည်။

(ဆ) **ဒါရိုက်တာများ၏တာဝန်များကိုလိုက်နာဆောင်ရွက်ခြင်း။** ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီ၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ထိုက်သင့်သော ဂရုပြုမှုနှင့် လုံ့လဝီရိယဖြင့် ဆောင်ရွက်ရမည်။ (မိမိကိုယ်ပိုင် အကျိုးစီးပွားအတွက် မဖြစ်ရပါ) ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီ၊ ကုမ္ပဏီ၏ အစုရှယ်ယာ ပိုင်ဆိုင်သူများ နှင့် မြီရှင်တို့၏ အကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်ရမည်။ ဒါရိုက်တာတစ်ဦးသည် ၎င်းတို့၏ ရာထူးနေရာအား လည်းကောင်း၊ လက်ခံရရှိသည့် သတင်းအချက်အလက်များကို လည်းကောင်း သင့်တော်မှန်ကန်စွာ အသုံးပြုရမည်။ မိမိ ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော်လည်းကောင်း အကျိုးတစ်စုံတစ်ရာရရှိစေရန် သို့မဟုတ် ကုမ္ပဏီ၏အကျိုးထိခိုက်နစ်နာစေရန် မလျော်မကန်အသုံးမပြုရ။ ဒါရိုက်တာတစ်ဦးသည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့ကိုလည်း လိုက်နာရမည့်အပြင် ကုမ္ပဏီ၏ကြွေးမြီများကို အချိန်မီသေချာစွာ ပေးဆပ်ရမည်။

## အခန်း(၂)

## မှတ်ပုံတင်ထားသောကုမ္ပဏီအနေဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း

၂။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ မှတ်ပုံတင်ထားသောကုမ္ပဏီတစ်ခုသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများ၏ မှတ်ပုံတင်အရာရှိ ဖြစ်သည့်အပြင် ကုမ္ပဏီများ၏ မှတ်ပုံတင်ခြင်းနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ကို ကုမ္ပဏီများက လိုက်နာစေရန် ကြပ်မတ်ရသည့် အစိုးရအဖွဲ့အစည်းဖြစ်သည်။

၃။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီတစ်ခုသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သီးခြားမှတ်ပုံတင်ရန်မလိုအပ်ဘဲ မြန်မာနိုင်ငံတစ်ဝှမ်းတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်သည်။

### ကုမ္ပဏီတစ်ခု၏ အဓိကထူးခြားသော လက္ခဏာများ

၄။ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုတွင် ထူးခြားသော အင်္ဂါရပ်များစွာရှိပါသည်။ ၎င်းတို့သည် သီးခြားတရားဝင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ၎င်း၏ ကိုယ်ပိုင်အခွင့်အရေးဖြင့် ဥပဒေအရ တည်ရှိသည်။ ပဋိညာဉ်ချုပ်ဆိုခြင်း၊ ငွေကြေးချေးငှားခြင်း၊ ရပိုင်ခွင့်များကို ရောင်းချခြင်းနှင့် ဂယ်ယူခြင်းစသည်တို့ကို လူပုဂ္ဂိုလ်တစ်ဦး ဆောင်ရွက်သကဲ့သို့ အရာအားလုံးနီးပါး ဆောင်ရွက်နိုင်သည်။

၅။ ကုမ္ပဏီ၏အဓိကအင်္ဂါရပ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သီးခြားတရားဝင်အဖွဲ့အစည်းဖြစ်သည့်အပြင် ကုမ္ပဏီတွင်ပါဝင်သူများ (အစုရှယ်ယာပိုင်ဆိုင်သူ) ဦးရေနှင့် ဒါရိုက်တာများဦးရေမှာ ကွဲပြားနိုင်ပါသည်။

(ခ) ဖျက်သိမ်းခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်းမှပယ်ဖျက်ခြင်းမပြုသ၍ တရားဝင်ဆက်လက်တည်ရှိပါသည်။

(ဂ) လူပုဂ္ဂိုလ်များအတိုင်း တူညီသောဆောင်ရွက်နိုင်မှုနှင့် အခွင့်အာဏာများရှိသည်။

(ဃ) အထူးအခွင့်အရေးများ (ဥပမာ- စီးပွားရေးလုပ်ငန်း အခွန်နှုန်းထား၊ ပေးရန်တာဝန်ကန့်သတ်ထားရှိခြင်း) ရပိုင်ခွင့်ရှိသည်။

(င) ပဋိညာဉ်ချုပ်ဆိုနိုင်သည်၊ တရားစွဲဆိုနိုင်သည်၊ တရားစွဲဆိုခံရနိုင်သည့်အပြင် ကုမ္ပဏီအမည်ဖြင့် ရပိုင်ခွင့်များကို ဂယ်ယူနိုင်သည်၊ ရောင်းချနိုင်သည်။

(စ) ကုမ္ပဏီအကျိုးအတွက် အသုံးပြုရမည်ဖြစ်သော ငွေကြေးများနှင့် ရပိုင်ခွင့်များကို ပိုင်ဆိုင်နိုင်သည်။

(ဆ) ကုမ္ပဏီ၊ ကုမ္ပဏီ၏အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာများ၏ အခွင့်အရေးနှင့် တာဝန်များကိုတရားဝင်စည်းနှောင်ထားသောကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ရှိရမည်။

## ကုမ္ပဏီဖွဲ့စည်းခြင်းအကျိုးကျေးဇူး

၆။ (က) **တာဝန်ကန့်သတ်ထားရှိခြင်း**

(၁) ပေးရန်တာဝန်ကန့်သတ်ထားရှိခြင်းသည် ကုမ္ပဏီ၏အဓိက အကျိုးကျေးဇူး တစ်ရပ်ဖြစ်သည်။ ပေးရန်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ၏အစုရှယ်ယာ ပိုင်ဆိုင်သူများသည် ကုမ္ပဏီစာရင်းရှင်းလင်း ဖျက်သိမ်းခြင်းမတိုင်မီ မိမိတို့၏ အစုရှယ်ယာများအတွက် ထည့်ဝင်ရမည့်တန်ဖိုး အပြည့်အဝပေးချေရခြင်း မပြုရ သေးသည့် အခြေအနေမှတစ်ပါး ကုမ္ပဏီ၏ ကြွေးမြီများအပေါ်တွင် ပေးရန် တာဝန်မရှိပါ။ (အဆိုပါ ကိစ္စတွင် အစုရှယ်ယာရှင်များသည် ၎င်းတို့အစုရှယ်ယာ များအပေါ် ပေးဆပ်ရန် ကျန်ရှိသော မပေးချေရသေးသည့် ငွေကြေးအတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံသို့ ပေးရန်တာဝန်ရှိသည်။)

(၂) ကုမ္ပဏီသည် ကြွေးမြီမပေးချေနိုင်သဖြင့် လူမွဲအဖြစ်သို့ ရောက်ရှိသည့်အခါ ပေးရန် တာဝန်ကန့်သတ်ထားရှိခြင်းသည် ကုမ္ပဏီကိုပိုင်ဆိုင်သူများနှင့် ရင်းနှီး မြှုပ်နှံသူများကို အကာအကွယ်ပေးသည်။ အစုရှယ်ယာပိုင်ဆိုင်သူများ၏ တာဝန်ရှိမှုကိုသာလျှင်ကန့်သတ်ထားပြီး ပေးရန်တာဝန်များအားလုံးနှင့် ပေးချေ ရမည့်ကြွေးမြီများအတွက် ကုမ္ပဏီတွင် အပြည့်အဝတာဝန်ရှိသည်။

(၃) ဆန့်ကျင်ဘက်အားဖြင့်တစ်ဦးတည်းသော ရောင်းဝယ်သူ သို့မဟုတ် အစုစပ် လုပ်ငန်းတွင်ရောင်းဝယ်မှု ပြုလုပ်သူတစ်ဦးသည် စီးပွားရေးဆိုင်ရာ ကြွေးမြီများ အတွက် ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိသည်။

(ခ) **ဆက်လက်တည်ရှိခြင်း**

(၁) ကုမ္ပဏီတစ်ခုသည် MyCO အီလက်ထရောနစ် ကုမ္ပဏီ မှတ်ပုံတင်စာရင်းမှ ဖယ်ရှားခံရသည့်တိုင်အောင် ဆက်လက် တည်ရှိမည်ဖြစ်သည်။ ပိုင်ဆိုင်မှုနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ပြောင်းလဲပြီး နောက်ပိုင်း ဆက်လက်ရှင်သန်နိုင်ပါသည်။

(၂) ဆန့်ကျင်ဘက်အားဖြင့် တစ်ဦးတည်းသော ရောင်းဝယ်သူကလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းတွင် အဆိုပါ ရောင်းဝယ်သူသေဆုံးခြင်း သို့မဟုတ် ရောင်းဝယ် မှုလုပ်ငန်း ရပ်တန့်သွားခြင်းဖြစ်လျှင် စီးပွားရေး လုပ်ငန်းတည်ရှိမှုရပ်စဲပါသည်။ အလားတူ အစုစပ်လုပ်ငန်း ရပ်နားခြင်း သို့မဟုတ် ပူးတွဲလုပ်ကိုင်သူတစ်ဦး သေဆုံးခြင်းသည် သာမန်အားဖြင့် အစုစပ်လုပ်ငန်း ရပ်စဲခြင်းသို့ ရောက်ရှိပါ သည်။

(ဂ) **အစုရှယ်ယာများလွှဲပြောင်းခြင်း**

(၁) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ တို့တွင် ဖော်ပြထားသည့် ကန့်သတ်ချက်များနှင့်အညီ ကုမ္ပဏီ၏ အစုရှယ်ယာ ပိုင်ဆိုင်သူများသည် ၎င်းတို့၏ အစုရှယ်ယာများကို ရောင်းချနိုင်သည် သို့မဟုတ် အခြားနည်းဖြင့် စီမံဆောင်ရွက်နိုင်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် အခြား စီးပွားရေးလုပ်ငန်း ဖွဲ့စည်းမှုများထက် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုကို အခြားသူသို့ ရောင်းချခြင်း သို့မဟုတ် ပိုင်ဆိုင်မှုလွှဲပြောင်းပေးခြင်းတို့ကို ပိုမိုလွယ်ကူစေပါသည်။

(၂) ဆန့်ကျင်ဘက်အားဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုကို လူတစ်ဦးတစ်ယောက်တည်းဖြင့် ဆောင်ရွက်ခြင်းသည် စီးပွားရေးလုပ်ငန်း၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန် တာဝန်များကို လူတစ်ဦးတည်း၏ အမည်ဖြင့်ထားရှိမည် ဖြစ်သည့်အတွက် လွှဲပြောင်းရာတွင် ပိုမိုရှုပ်ထွေးမှုကို ဖြစ်စေနိုင်ပါသည်။ အစုစပ်လုပ်ငန်း အကျိုးစီးပွားတစ်ခုကို ၎င်းအစုစပ်လုပ်ငန်း ပိတ်သိမ်းခြင်း မဟုတ်ပါက သာမန်အားဖြင့် ခွဲဝေခြင်းမပြုနိုင် သို့မဟုတ် (အစုစပ်လုပ်ငန်း ပြီးဆုံးခြင်းမရှိလျှင်) လွှဲပြောင်းခြင်းမပြုနိုင်။

(ဃ) **ဈေးကွက်တွင်အများပြည်သူယုံကြည်လက်ခံနိုင်မှု**

(၁) ကုမ္ပဏီတစ်ခုသည် နိုင်ငံတကာ အသိအမှတ်ပြု စီးပွားရေးလုပ်ငန်း ဖွဲ့စည်းတည်ဆောက်မှုဖြစ်ပြီး ကုမ္ပဏီအနေနှင့်လုပ်ကိုင် ဆောင်ရွက်ခြင်းသည် လူတစ်ဦးတစ်ယောက်တည်း လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းထက် နိုင်ငံတကာ စီးပွားရေးအဝန်းအဝိုင်းတွင် အသိအမှတ်ပြုမှုနှင့် ယုံကြည်မှုကို ပိုမိုရရှိပါသည်။ များစွာသော စီးပွားရေးလုပ်ငန်းများသည် တစ်ဦးတစ်ယောက်တည်း ရောင်းဝယ်မှုဖြင့် စတင်ခဲ့ကြသော်လည်း အခြေတည်မိသည့်အခါ ကုမ္ပဏီအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လေ့ရှိကြပါသည်။

(၂) ဆန့်ကျင်ဘက်အားဖြင့် လူတစ်ဦးတစ်ယောက်တည်း လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းနှင့် အစုစပ်လုပ်ငန်းများသည် နိုင်ငံတကာနှင့် ဆက်စပ်လုပ်ဆောင်သည့် စီးပွားရေးလုပ်ငန်းအသွင် တည်ထောင်ဆောင်ရွက်မှုနည်းပါး ပါသည်။

(င) **အစုရှယ်ယာရှင်များကကြီးကြပ်ခြင်း**

(၁) ကုမ္ပဏီသည် အစုရှယ်ယာရှင်များကို နေ့စဉ်စီမံအုပ်ချုပ်မှု လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခြင်းမပြုဘဲ စီးပွားရေး လုပ်ငန်း၏ ပိုင်ဆိုင်သူများ အနေဖြင့် စီးပွားရေးလုပ်ငန်း၏ အဓိကဆုံးဖြတ်ချက်ချရမည့် ကိစ္စများကို ပါဝင်ခွင့်ပြု

သည်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို စီမံအုပ်ချုပ်ခြင်းသည် ကုမ္ပဏီဒါရိုက်တာများ၏ လုပ်ငန်းတာဝန်ဖြစ်သည်။

(၂) အသေးစား ကုမ္ပဏီများတွင် အစုရှယ်ယာရှင်များသည်လည်း ကုမ္ပဏီ၏ ဒါရိုက်တာများ ဖြစ်နိုင်ပါသည်။ ပိုမိုကြီးမားသည့် ကုမ္ပဏီများတွင် အစုရှယ်ယာရှင်အများစုသည် ဒါရိုက်တာများမဟုတ်သည့်အပြင် နေ့စဉ်ဆောင်ရွက်မှုများတွင် ဝင်ရောက်ပြောဆိုခြင်းမရှိပါ။

(၃) ကုမ္ပဏီ၏ အစုရှယ်ယာရှင်များပါဝင်သော အဓိကကျသည့် ဆုံးဖြတ်ချက်များအနက် တစ်ရပ်မှာ ကုမ္ပဏီ၏ ဒါရိုက်တာများခန့်အပ်ခြင်းနှင့် ဖယ်ရှားခြင်းတို့တွင် ပါဝင်ဆောင်ရွက်ခြင်း ဖြစ်သည်။ ထိုကဲ့သို့ ပါဝင်ဆောင်ရွက်ခြင်းသည် နေ့စဉ်ကိစ္စရပ်များတွင် ပါဝင်ပတ်သက်ရန် မလိုအပ်ဘဲ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအနေဖြင့် အန္တိမ ကြီးကြပ်မှုကို ရရှိစေပါသည်။

**မှတ်ပုံတင်နိုင်သော ကွဲပြားသည့် ကုမ္ပဏီအမျိုးအစားများ**

၇။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ မှတ်ပုံတင်နိုင်သောကုမ္ပဏီ အဓိကအမျိုးအစား ၃ မျိုး ရှိသည်။ ၎င်းတို့မှာ-

(က) အစုရှယ်ယာဖြင့်တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ။

(ခ) ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ သို့မဟုတ်။

(ဂ) တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီတို့ ဖြစ်ပါသည်။

**အစုရှယ်ယာဖြင့်တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ (အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ)**

၈။ အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာရှင်များ၏ ပေးရန်တာဝန်ကို ၎င်းတို့၏ အစုရှယ်ယာတန်ဖိုးအပေါ် ပေးချေခြင်းမပြုရသေးသည့် ပမာဏအပေါ် ကန့်သတ်ကာ မူတည်သတ်မှတ်သည်။ မြန်မာနိုင်ငံနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများတွင် အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်သည့် ကုမ္ပဏီ အမျိုးအစားသည် အများအားဖြင့်တွေ့ရှိရသည့် ကုမ္ပဏီအမျိုးအစား ဖြစ်သည်။

၉။ အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုသည် အောက်ပါအချက်များအပေါ်အခြေခံ၍ အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ သို့မဟုတ် အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ ဖြစ်နိုင်ပါသည်-

(က) **အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ** တွင် အစုရှယ်ယာရှင်ဦးရေ ၅၀ ဦးထိ သတ်မှတ်ထားပြီး (ကုမ္ပဏီ၏ဝန်ထမ်းများမပါဝင်ဘဲ) ကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များကို အများပြည်သူမှ ဝယ်ယူနိုင်ရန်အတွက် ကမ်းလှမ်းခြင်း တစ်စုံတစ်ရာ မပြုလုပ်ရသည့်အပြင် ၎င်း၏အစုရှယ်ယာများအား လွှဲပြောင်းခြင်းကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကန့်သတ်နိုင်သည်။

(ခ) **အများနှင့်သက်ဆိုင်သောကုမ္ပဏီ**သည် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ၏ အခြေအနေနှင့်မတူညီသော ကုမ္ပဏီတစ်ခုဖြစ်သည်။ သို့ဖြစ်ရာ အများနှင့် သက်ဆိုင်သော ကုမ္ပဏီသည် ကုမ္ပဏီ၏ အစုရှယ်ယာများကို အများပြည်သူမှ ဝယ်ယူနိုင်ရန် ကမ်းလှမ်းခြင်း တစ်စုံတစ်ရာ ပြုလုပ်နိုင်သည့်အတွက် အစုရှယ်ယာရှင် အများအပြား ရှိနိုင်ပါသည်။

## ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ

၁၀။ ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုတွင် ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်းသည့် အခါတွင်လည်းကောင်း၊ ကြွေးကျန်များကို ပေးချေရန် ရရန်ပိုင်ခွင့်များ မလုံလောက်သည့် အခါတွင်လည်းကောင်း ငွေပမာဏများ ထည့်ဝင်ရန် ကုမ္ပဏီတွင် ပါဝင်သူများ၏ တာဝန်ရှိမှုကို ကန့်သတ်ထားခြင်းဖြစ်သည်။ ကုမ္ပဏီတွင် ပါဝင်သူများ၏ ထည့်ဝင်ရမည့် ငွေပမာဏခံဝန်ချက်ကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် သတ်မှတ်လေ့ရှိပါသည်။

## တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီ

၁၁။ တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီတစ်ခုတွင် ကုမ္ပဏီတွင်ပါဝင်သူများ၏ တာဝန်ရှိမှုကို ကန့်သတ်ချက် တစ်စုံတစ်ရာမရှိပါ။ သို့ဖြစ်ရာ စာရင်းရှင်းလင်းဖျက်သိမ်းသည့် အချိန်တွင် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များမှ ပြန်လည်ပေးချေပြီးနောက် ပေးချေရန်ကျန်ရှိသည့် ငွေကြေးဆိုင်ရာ တာဝန်ရှိမှုများကို ကုမ္ပဏီတွင်ပါဝင်သူများက အပြည့်အဝ တာဝန်ယူရမည် ဖြစ်ပါသည်။ အဆိုပါ ကုမ္ပဏီ အမျိုးအစားအား ယေဘူယျအားဖြင့် ဖွဲ့စည်းတည်ထောင်လေ့ မရှိပါ။

**ဒါရိုက်တာတစ်ဦးတည်းနှင့်အစုရှယ်ယာရှင်တစ်ဦးတည်းရှိသောကုမ္ပဏီများ**

၁။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အနည်းဆုံးအစုရှယ်ယာရှင်တစ်ဦးဖြင့် မြန်မာနိုင်ငံတွင် အများအားဖြင့်နေထိုင်သော ဒါရိုက်တာတစ်ဦးပါဝင်၍ အများနှင့်မသက်ဆိုင်သောကုမ္ပဏီ တစ်ခုကို တည်ထောင်နိုင်သည်။ တစ်ဦးတည်းသောဒါရိုက်တာသည် အများနှင့်မသက်ဆိုင်သောကုမ္ပဏီ၏ တစ်ဦးတည်းသော အစုရှယ်ယာရှင်လည်း ဖြစ်နိုင်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် လူတစ်ဦးတည်းဖြင့် ကုမ္ပဏီမှတ်ပုံတင်နိုင်သည်။

၂။ ကုမ္ပဏီတစ်ခု၏ တစ်ဦးတည်းသောဒါရိုက်တာနှင့် အစုရှယ်ယာရှင်သည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲခြင်းကိုတာဝန်ရှိသည့်အပြင် ကုမ္ပဏီ၏အခွင့်အာဏာ အားလုံးကို ကျင့်သုံးနိုင်သည်။ အလားတူ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီ၏ တစ်ဦးတည်းသော ဒါရိုက်တာနှင့် အစုရှယ်ယာရှင်သည် အခြားဒါရိုက်တာတစ်ဦးခန့်အပ်ခြင်းကို မှတ်တမ်းတင်ကာ ၎င်းမှတ်တမ်းအား လက်မှတ်ရေးထိုး၍ ခန့်အပ်နိုင်သည်။

၃။ ကုမ္ပဏီ၏ တစ်ဦးတည်းသော ဒါရိုက်တာနှင့် အစုရှယ်ယာရှင်သည်ပင်လျှင် ကုမ္ပဏီ၏စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်မှတ်တမ်းများ (စာဖြင့် ရေးသားထားသည့်မှတ်တမ်း) ကို ထိန်းသိမ်းရမည်။ သင်သည် ကုမ္ပဏီ၏ တစ်ဦးတည်းသော ဒါရိုက်တာနှင့် အစုရှယ်ယာရှင်ဖြစ်ပါက ဆုံးဖြတ်ချက်တစ်ရပ်ကို မှတ်တမ်းတင်လက်မှတ်ရေးထိုးခြင်းအားဖြင့် ချမှတ်နိုင်သည်။

၄။ ဒါရိုက်တာနှင့်အစုရှယ်ယာရှင် တစ်ဦးတည်းရှိသော ကုမ္ပဏီအနေဖြင့် လျှောက်ထားရာတွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ကုမ္ပဏီများအတွက် အခြားသောလိုအပ်ချက်များအတိုင်းဖြစ်သည်။

**ဥပမာ-** ကုမ္ပဏီ၏ အသေးစိတ်အချက်အလက်များ ပြောင်းလဲခြင်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ ဒါရိုက်တာနှင့် အစုရှယ်ယာရှင်တစ်ဦးတည်းရှိသော ကုမ္ပဏီကလည်းအကြောင်းကြားရမည့်အပြင် နှစ်စဉ်အစီရင်ခံစာကိုတင်ပြရမည်။ (နောက်ထပ်အသေးစိတ် အချက်အလက်များကို ဤလမ်းညွှန်၏အခန်း ၆ တွင် ကြည့်ရန်)

**အသေးစားကုမ္ပဏီများ**

၁၂။ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများအပေါ် ကြီးကြပ် ထိန်းသိမ်းမှုဆိုင်ရာ ဝန်ထုတ်ဝန်ပိုးကို ကူညီလျှော့ချရန် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ သည် (ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း) "အသေးစားကုမ္ပဏီ" များနှင့် စပ်လျဉ်း၍ အထူးကင်းလွတ်ခွင့်များကို ပေးအပ်ထားပါသည်။ "အသေးစားကုမ္ပဏီ" ဆိုသည်မှာ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ မဟုတ်သော သို့မဟုတ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ လက်အောက်ခံကုမ္ပဏီ မဟုတ်သော ကုမ္ပဏီမှ အပ အောက်ဖော်ပြပါ စည်းကမ်းချက်နှင့် ညီညွတ်သောကုမ္ပဏီကို ဆိုလိုသည်-

(က) ယင်းကုမ္ပဏီနှင့် ယင်း၏လက်အောက်ခံကုမ္ပဏီများတွင် ၃၀ ထက် မပိုသော ဝန်ထမ်းဦးရေရှိခြင်း။

(ခ) ယင်းကုမ္ပဏီနှင့် ယင်း၏လက်အောက်ခံကုမ္ပဏီများတွင် ယခင်နှစ်၏ တစ်နှစ်တာ ဝင်ငွေစုစုပေါင်းသည် ကျပ်သန်း ၅၀ အောက်တွင် ရှိခြင်း။

၁၃။ အသေးစားကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ အောက်ပါအထူးကင်းလွတ်ချက်နှစ်ရပ်ကို ခံစားရပါသည်-

(က) ပထမတစ်ခုမှာအသေးစားကုမ္ပဏီများသည်နှစ်စဉ်နှစ်ပတ်လည် အထွေထွေအစည်းအဝေးတစ်ရပ်ကို ကျင်းပခြင်းမှ ကင်းလွတ်ခွင့်ရရှိသည်။ အသေးစားကုမ္ပဏီတစ်ခုသည် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ခေါ်ယူကျင်းပခြင်းအစား အစုရှယ်ယာရှင်ဆုံးဖြတ်ချက်များကို စာဖြင့် ရေးသားချမှတ် နိုင်သည်။

(ခ) ဒုတိယတစ်ခုမှာ အသေးစားကုမ္ပဏီများသည် စာရင်းစစ်ဆေးထားပြီးဖြစ်သော နှစ်စဉ်ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းကို ပြုစုခြင်းမှ ကင်းလွတ်ခွင့်ရပါသည်။ အသေးစားကုမ္ပဏီတစ်ခုသည် စာရင်းစစ်ဆေးထားပြီးဖြစ်သော ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်း ပြင်ဆင်ရန်မလိုအပ်သည့်အပြင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ပေးပို့တင်ပြရန်မလိုအပ်ပါ။ မည်သို့ပင်ဆိုစေကာမူ အသေးစားကုမ္ပဏီသည် သင့်တော်သည့်ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများနှင့် ကုမ္ပဏီ၏ မှန်ကန်သောဘဏ္ဍာရေးဆိုင်ရာ အခြေအနေကို အဆုံးအဖြတ်ပြုသည့် စာရင်းဇယားများကို ထိန်းသိမ်းရမည်။

၁၄။ အဆိုပါကင်းလွတ်ခွင့်များသည် အကယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၏အစုရှယ်ယာရှင်များ သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပရန် သို့မဟုတ် စာရင်းစစ်ဆေးပြီး ဖြစ်သော

ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများ ပြင်ဆင်ရန် လိုအပ်သည်ဟု သတ်မှတ်ထားသော အသေးစားကုမ္ပဏီများအတွက် အကျုံးမဝင်ပါ။

**နိုင်ငံခြားကုမ္ပဏီများ**

၁၅။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီတစ်ခုတွင် နိုင်ငံခြား အစုရှယ်ယာရှင်များ ရှိနိုင်ပါသည်။ ကုမ္ပဏီတစ်ခု၏ ၃၅% အထက် အစုရှယ်ယာများကို နိုင်ငံခြားအစုရှယ်ယာရှင်က (တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ) ပိုင်ဆိုင်ပါက အဆိုပါကုမ္ပဏီကို "နိုင်ငံခြား ကုမ္ပဏီ"အနေဖြင့် သတ်မှတ်မည်ဖြစ်သည်။

၁၆။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ တွင် နိုင်ငံခြားကုမ္ပဏီတစ်ခုကို ပိုင်ဆိုင်မှုတစ်ခုတည်းပေါ်တွင်သာအခြေခံ၍ သတ်မှတ်ပြီး အခြားအထူးအခွင့်အရေးများ သို့မဟုတ် ကန့်သတ်ချက်များ ခွင့်ပြုထားခြင်းမရှိပါ။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ အခြားသော ကုမ္ပဏီများကဲ့သို့ နိုင်ငံခြားကုမ္ပဏီသည် တူညီသော ဥပဒေဆိုင်ရာ လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

၁၇။ ကုမ္ပဏီတစ်ခုသည် နိုင်ငံခြားကုမ္ပဏီ ဖြစ်လာသည့်အခါ သို့မဟုတ် နိုင်ငံခြားကုမ္ပဏီအဖြစ်မှ ရပ်စဲသွားသည့်အခါ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားရန် လိုအပ်ပါသည်။ နှစ်စဉ်နှစ်ပတ်လည်အစီရင်ခံစာတွင် နိုင်ငံခြားကုမ္ပဏီတစ်ခုအနေဖြင့် ၎င်း၏ ရပ်တည်မှုကို ကြေညာရမည်ဖြစ်သည်။

# အခန်း (၃)

# ကုမ္ပဏီ၏ပိုင်ဆိုင်မှု

## အစုရှယ်ယာရှင်များနှင့်ဒါရိုက်တာများ၏အခွင့်အာဏာ

၁၈။ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာရှင်များသည် (မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ တွင် ကုမ္ပဏီတွင်ပါဝင်သူများဟုလည်းခေါ်ဆိုသည်) ကုမ္ပဏီကို စုပေါင်း၍ ပိုင်ဆိုင်သည်။ ကုမ္ပဏီတွင် အစုရှယ်ယာရှင်များသည် ရင်းနှီးမြှုပ်နှံသူများဖြစ်ပြီး ၎င်းတို့ကကုမ္ပဏီတွင် အစုရှယ်ယာများအတွက် ငွေကြေးများထည့်ဝင်ကြသည်။ အစုရှယ်ယာရှင်များသည် ဒါရိုက်တာများမဟုတ်လျှင် သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကခွင့်ပြုထားခြင်းမရှိလျှင် ကုမ္ပဏီ၏စီမံခန့်ခွဲမှုတွင်ဝင်ရောက်စွက်ဖက်ခွင့်မရှိပါ။

၁၉။ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် အနည်းဆုံးအစုရှယ်ယာရှင် တစ်ဦးရှိရမည်ဖြစ်ပြီး (ကုမ္ပဏီ၏ဝန်ထမ်းများမပါဝင်ဘဲ) အစုရှယ်ယာရှင် ၅၀ ဦး ထက်မပိုရပါ။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုတွင် အနည်းဆုံး အစုရှယ်ယာရှင်တစ်ဦး ရှိရမည်ဖြစ်ပြီး အစုရှယ်ယာရှင်ဦးရေကို ကန့်သတ်မထားပါ။

၂၀။ အစုရှယ်ယာရှင်တစ်ဦးသည်လည်း ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်နိုင်သော်လည်း တစ်ဦးတည်းဖြစ်ရန် မလိုအပ်ပါ။ ဒါရိုက်တာများသည် ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များ စီမံခန့်ခွဲခြင်းအတွက် တာဝန်ရှိသည်။ အသေးစားကုမ္ပဏီများတွင် ကုမ္ပဏီ၏ ဒါရိုက်တာများ အနေဖြင့် အစုရှယ်ယာရှင်များကို ခန့်အပ်လေ့ရှိကြသည်။ ပိုမိုကြီးမားသောကုမ္ပဏီ သို့မဟုတ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများတွင် ဒါရိုက်တာတစ်ဦးသည် အစုရှယ်ယာရှင်တစ်ဦး ဖြစ်ရန်မလိုအပ်ဘဲ လွတ်လပ်စွာ ရပ်တည်နိုင်သည်။

## ကုမ္ပဏီ၏အစုရှယ်ယာရှင်တစ်ဦးဖြစ်လာခြင်း

၂၁။ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တရားဝင်အဖွဲ့အစည်းတစ်ရပ်သည် အောက်ဖော်ပြပါ နည်းလမ်းနှစ်ရပ်ဖြင့် ကုမ္ပဏီ၏အစုရှယ်ယာရှင်တစ်ဦး ဖြစ်နိုင်ပါသည်-

(က) ကုမ္ပဏီမှတ်ပုံတင်သည့်အချိန်တွင် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအနေဖြင့် အမည်စာရင်းတင်သွင်းနိုင်သည်။ ကုမ္ပဏီတွင်ပါဝင်သူများဖြစ်ရန် သဘောတူညီထားသော လူပုဂ္ဂိုလ်များနှင့် တရားဝင်အဖွဲ့အစည်းများ အားလုံး၏ အမည်၊ နိုင်ငံသား၊ မွေးသက္ကရာဇ်နှင့် နေရပ်လိပ်စာတို့ကို ကုမ္ပဏီမှတ်ပုံတင်ရန် လျှောက်ထားလွှာပုံစံတွင် စာရင်းတင်သွင်းရမည်ဖြစ်သည်။

(ခ) မှတ်ပုံတင်ထားပြီးဖြစ်သော ကုမ္ပဏီတွင်ပါဝင်သူ တစ်ဦးဖြစ်လာရန် ကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူခြင်းအားဖြင့် သဘောတူညီ ဆောင်ရွက်နိုင်ပါသည်။ ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ

ဖြစ်လာသော လူပုဂ္ဂိုလ်များနှင့် တရားဝင် အဖွဲ့အစည်းများ အားလုံး၏ အမည်၊ နိုင်ငံသား၊ မွေးသက္ကရာဇ်နှင့် နေရပ်လိပ်စာတို့ကို ထုတ်ဖော်တင်ပြရမည်။ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ ပြောင်းလဲမှု တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြားရမည်။

**အစုရှယ်ယာရှင်များ၏ အခွင့်အရေးများနှင့်တာဝန်များ**

၂၂။ ကုမ္ပဏီတစ်ခု၏ ပိုင်ဆိုင်သူများအနေဖြင့် အစုရှယ်ယာရှင်များသည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ နှင့် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြထားသည့် အခွင့်အရေးနှင့် တာဝန်များကိုရရှိပါသည်။

၂၃။ ကုမ္ပဏီ၏အစုရှယ်ယာရှင်များသည် ကုမ္ပဏီကိုပိုင်ဆိုင်သော်လည်း ကုမ္ပဏီသည် သီးခြား တရားဝင်အဖွဲ့အစည်းတစ်ရပ်ဖြစ်သောကြောင့် ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များကို ကုမ္ပဏီကသာ ပိုင်ဆိုင်ပြီး အစုရှယ်ယာရှင်များသည် ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များကို ပိုင်ဆိုင်ခြင်းမရှိပါ။ ထို့အပြင် အစုရှယ်ယာရှင်များသည် ကုမ္ပဏီ၏ ကြွေးမြီများနှင့် ပေးရန်တာဝန်များအတွက် တစ်ဦးချင်းအလိုက် တာဝန်မရှိပါ။ အစုရှယ်ယာရှင်တစ်ဦး၏ အစုရှယ်ယာများအပေါ် မပေးချေရသေးသည့် ငွေပမာဏ တစ်စုံတစ်ရာ အတွက် ကုမ္ပဏီကိုပေးချေရန် ဘဏ္ဍာရေးဆိုင်ရာ တာဝန်သာလျှင် ရှိပါသည်။

၂၄။ အစုရှယ်ယာများပေးချေရာတွင် အပြည့်အဝပေးချေခြင်း သို့မဟုတ် တစ်စိတ်တစ်ဒေသ ပေးချေခြင်း ဖြစ်နိုင်ပါသည်။ ကုမ္ပဏီသည်ထုတ်ဝေသော အစုရှယ်ယာများနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ၊ အစုရှယ်ယာများနှင့် ဆက်စပ်ပါရှိသော အခွင့်အရေးနှင့်ကန့်သတ်ချက်များကို သတ်မှတ်နိုင်သည်။ အစုရှယ်ယာရှင်များသည် အစုရှယ်ယာများနှင့် ဆက်စပ်ပါရှိသော အခွင့်အရေးနှင့် ကန့်သတ်ချက်များကို နားလည်သဘောပေါက်ရန် ကုမ္ပဏီ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် အစုရှယ်ယာထုတ်ဝေခြင်းဆိုင်ရာ စည်းကမ်းချက်များကို လေ့လာသင့်သည်။

၂၅။ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များသည် ၎င်းတို့ပိုင်ဆိုင်သည့် အစုရှယ်ယာအလိုက် မဲပေးပိုင်ခွင့်ရှိသည်။ ၎င်းတို့တွင် ကုမ္ပဏီက အမြတ်ဝေစုခွဲဝေရာတွင်လည်းကောင်း၊ ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များ ခွဲဝေပေးရာတွင်လည်းကောင်း ရရှိခွင့်ရှိသည်။ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ (ကုမ္ပဏီသည် ၎င်း၏မြီရှင်များ အားလုံးကို ပေးဆပ်ပြီးနောက်) အစုရှယ်ယာရှင်များသည် ပိုလျှံသည့် ရရန်ပိုင်ခွင့်တစ်ရပ်ရပ်တွင် တူညီသည့် အချိုးအတိုင်း ရခွင့်ရှိသည်။ အဆိုပါအခွင့်အရေးများကို ကုမ္ပဏီ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ပြောင်းလဲနိုင်ပါသည်။

၂၆။ အစုရှယ်ယာရှင်များသည်ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းက ခွင့်ပြုထားသည် မဟုတ်လျှင် သို့မဟုတ် ၎င်းတို့သည်ကုမ္ပဏီ၏ဒါရိုက်တာများအနေဖြင့် ခန့်အပ်ထားသူများမဟုတ်လျှင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်း သို့မဟုတ် ကုမ္ပဏီ၏လုပ်ငန်းကိစ္စရပ်များ စီမံခန့်ခွဲခြင်း (ဥပမာ-ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားစာ သို့မဟုတ် စာရွက်စာတမ်း တင်ပြခြင်း) တို့ကိုဆောင်ရွက်ရန်အခွင့်အရေးမရှိပါ။

### ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုတာ ဘာလဲ?

၁။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည်အစုရှယ်ယာရှင်များ၏အခွင့်အရေးများနှင့် တာဝန်များအပါအဝင် ကုမ္ပဏီကို မည်သို့စီမံအုပ်ချုပ်မည်ဆိုသည့် စည်းကမ်းချက်များကို ဖော်ပြသည့် အရေးကြီးသော စာရွက်စာတမ်းတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီနှင့်အစုရှယ်ယာရှင်များအကြား ပဋိညာဉ်တစ်ရပ်ကဲ့သို့ ဥပဒေ ဆိုင်ရာအကျိုးသက်ရောက်မှုများရှိပြီး အစုရှယ်ယာရှင်အားလုံးအပေါ် ဥပဒေအရ စည်းနှောင်အားရှိသည်။

၂။ ကုမ္ပဏီ၏အစုရှယ်ယာရှင်ဖြစ်လာသော လူပုဂ္ဂိုလ်တစ်ဦးသည် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များအားလုံးကို လိုက်နာရန် သဘောတူပြီးဖြစ်သည်။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ဖောက်ဖျက်ခြင်းသည် ဥပဒေဆိုင်ရာ နောက်ဆက်တွဲ အကျိုးဆက်များ ရှိနိုင်ပါသည်။ အစုရှယ်ယာရှင်များသည် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းကို သေချာစွာဖတ်ရှုသင့်ပြီး ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များနှင့် ရင်းနှီးကျွမ်းဝင်သင့်ပါသည်။

### အစုရှယ်ယာရှင်များ၏ဆန္ဒမဲပေးရန်အခွင့်အရေး

၂၇။ အစုရှယ်ယာရှင်များသည် ကုမ္ပဏီ၏အထွေထွေအစည်းအဝေးတွင် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆန္ဒမဲပေးခြင်းအားဖြင့် အစုရှယ်ယာရှင်များ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။ ဆန္ဒမဲပေးပိုင်ခွင့်သည် ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာရှင်များအတွက် အရေးကြီးဆုံးသော အခွင့်အရေး တစ်ရပ်ဖြစ်သည်။

၂၈။ အစုရှယ်ယာရှင်များသည် ၎င်းတို့ပိုင်ဆိုင်သည့် သာမန်အစုရှယ်ယာတိုင်းအတွက် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် သာမန်အားဖြင့် ဆန္ဒမဲတစ်မဲပေးခွင့်ရှိသည်။ သို့ဖြစ်ရာ အစုရှယ်ယာ ရှင်တစ်ဦး ပိုင်ဆိုင်သောအစုရှယ်ယာ အရေအတွက်ပေါ်မူတည်၍ ကုမ္ပဏီ၏ကြီးကြပ်နိုင်မှုကို ဆုံးဖြတ် နိုင်သည်။ ဥပမာအားဖြင့် အစုရှယ်ယာရှင်တစ်ဦးသည် ကုမ္ပဏီတွင် စုစုပေါင်း အစုရှယ်ယာ ၁၀၀၀ အနက် ၇၅၀ ကို ပိုင်ဆိုင်သည်ဆိုပါက ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေးတွင် ဆန္ဒမဲ၏ ၇၅% ကို အဆိုပါအစုရှယ်ယာရှင်မှ ကြီးကြပ်သည်။

၂၉။ အစုရှယ်ယာရှင်များသည် ဆန္ဒမဲပေးခြင်းအားဖြင့် အောက်ပါကိစ္စရပ်များအပေါ် အစုရှယ်ယာ ရှင်များ၏ ဆုံးဖြတ်ချက်ချမှတ်နိုင်သည်-

(က) ကုမ္ပဏီ၏အမည်ပြောင်းလဲခြင်း။
(ခ) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြောင်းလဲခြင်း။
(ဂ) ကုမ္ပဏီ၏ဒါရိုက်တာများခန့်အပ်ခြင်းနှင့်ဖယ်ရှားခြင်း။
(ဃ) ကုမ္ပဏီ၏အစုရှယ်ယာမတည်ငွေရင်းပြောင်းလဲခြင်း (ဥပမာ - ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်းလျှော့ချခြင်း သို့မဟုတ် ပြန်လည် ဝယ်ယူခြင်း)။
(င) အများနှင့်သက်ဆိုင်သောကုမ္ပဏီများအတွက် ကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းကို ရောင်းချခြင်း သို့မဟုတ် စွန့်လွှတ်ခြင်း သို့မဟုတ် ဒါရိုက်တာ တစ်ဦးက ပေးချေရမည့် ကြွေးမြီတစ်ရပ်ရပ်ကို ပေးချေခြင်း။
(စ) ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်ခြင်း။

၃၀။ အစုရှယ်ယာ အမျိုးအစားကွဲပြားခြင်းသည် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးများတွင် အစုရှယ်ယာရှင် ဆုံးဖြတ်ချက်အပေါ် ခြားနားသော မဲပေးနိုင်ခွင့်ရှိနိုင်ပါသည်။ ကုမ္ပဏီသည် မဲပေးပိုင် ခွင့်ရှိသော အစုရှယ်ယာ သို့မဟုတ် မဲပေးပိုင်ခွင့်မရှိသော အစုရှယ်ယာများကို ထုတ်ပေးနိုင်သည်။ အစု ရှယ်ယာရှင်များသည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးမဖြစ်မီ အစုရှယ်ယာများထုတ်ပေးခြင်းဆိုင်ရာ စည်းကမ်းချက်များကို သေချာစွာဖတ်ရှုသင့်သည်။

**အစုရှယ်ယာရှင်ဆုံးဖြတ်ချက်များ**

၃၁။ အစုရှယ်ယာရှင်များသည် ကုမ္ပဏီ၏ဆုံးဖြတ်ချက်များကို ဆန္ဒမဲပေးခြင်းအားဖြင့် ဆုံးဖြတ် နိုင်သည်။ ကုမ္ပဏီများဥပဒေအရ အစုရှယ်ယာရှင်များ ဆုံးဖြတ်ချက် နှစ်မျိုးနှစ်စား ရှိပါသည်-

(က) **အထူးဆုံးဖြတ်ချက်**သည် အစည်းအဝေးတွင် မဲပေးခွင့်ရှိသော ကုမ္ပဏီတွင်ပါဝင်သူများ ၏ အနည်းဆုံး ၇၅% ထက်မနည်းသော မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် ဖြစ်ရမည်။

(ခ) **သာမန်ဆုံးဖြတ်ချက်** သည် အစည်းအဝေးတွင် မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူများ၏ မဲအများစု (၅၀% သို့မဟုတ် ၎င်းထက်ပိုသော) ဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ဖြစ်ရမည်။

၃၂။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ အစုရှယ်ယာရှင်ဆုံးဖြတ်ချက် အချို့ကို သာမန်ဆုံးဖြတ်ချက်ဖြင့်အတည်ပြုရန် လိုအပ်သည့်အပြင် အခြားသောဆုံးဖြတ်ချက်များကို အထူးဆုံးဖြတ်ချက်ဖြင့် အတည်ပြုရန်ဖြစ်သည်။ အောက်ဖော်ပြပါ ဥပမာများကို လေ့လာနိုင်ပါသည်-

| စဉ် | သာမန်ဆုံးဖြတ်ချက်လိုအပ်သော ဆုံးဖြတ်ချက်ဥပမာများ | အထူးဆုံးဖြတ်ချက်လိုအပ်သော ဆုံးဖြတ်ချက်ဥပမာများ |
|---|---|---|
| (က) | ဒါရိုက်တာတစ်ဦးခန့်အပ်ခြင်း သို့မဟုတ် ဖယ်ရှားခြင်း | ကုမ္ပဏီအမည်ပြောင်းလဲခြင်း |
| (ခ) | စာရင်းစစ်တစ်ဦးခန့်အပ်ခြင်း | ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြောင်းလဲခြင်း |
| (ဂ) | ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာ အတည်ပြုခြင်း | ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း |
| (ဃ) | ဒါရိုက်တာများအတွက်အကျိုးခံစားခွင့်နှင့် အခကြေးငွေကိုအတည်ပြုခြင်း | အစုရှယ်ယာမတည်ငွေရင်းလျှော့ချခြင်းနှင့်အစုရှယ်ယာပြန်လည်ဝယ်ယူခြင်းကို အတည်ပြုခြင်း |
| (င) | ဥပဒေအရ အထူးဆုံးဖြတ်ချက် မလိုအပ်သော အခြားအစုရှယ်ယာပိုင်ဆိုင်သူများ ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း | ဦးစားပေးအစုရှယ်ယာများထုတ်ပေးခြင်း |

**အစုရှယ်ယာရှင်များအစည်းအဝေး (အထွေထွေအစည်းအဝေးများ)**

၃၃။ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးများကို အချို့သောကိစ္စများတွင် အစုရှယ်ယာရှင်များ (အစုရှယ်ယာရှင်များ၏ ဆုံးဖြတ်ချက် ချမှတ်ခြင်းအားဖြင့်) ၏ အတည်ပြုချက်ရယူရန် ခေါ်ယူ ကျင်းပသည်။ အစုရှယ်ယာရှင်များသည် အစည်းအဝေး အကြောင်းကြားစာ ရရှိခွင့်ရှိပါသည်။ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီများ၏အထွေထွေအစည်းအဝေးများအတွက် အနည်းဆုံး ၂၁ ရက် ကြိုတင်၍ အကြောင်းကြားစာ ပေးပို့ရမည်ဖြစ်ပြီး အများနှင့်သက်ဆိုင် သောကုမ္ပဏီများ၏ အထွေထွေအစည်းအဝေးအတွက် အနည်းဆုံး ၂၈ ရက် ကြိုတင်၍ အကြောင်းကြားစာ ပေးပို့ရမည်။

၃၄။ ကုမ္ပဏီဒါရိုက်တာများသည် အထွေထွေအစည်းအဝေးများ ခေါ်ယူရန် အခွင့်အာဏာရှိကြပါသည်။ ကုမ္ပဏီမှထုတ်ဝေသော အနည်းဆုံးအစုရှယ်ယာ ၁၀% ကို ပိုင်ဆိုင်သော အစုရှယ်ယာရှင်များသည်လည်း ဒါရိုက်တာများအား အထွေထွေအစည်းအဝေးတစ်ရပ်ခေါ်ယူကျင်းပရန် တောင်းဆိုနိုင်ပါသည်။

၃၅။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ၂၀၁၇ အရ အစုရှယ်ယာရှင်များ နှင့်ပတ်သက်သည့် အစည်းအဝေးအမျိုးအစား ၃ ရပ် ရှိပါသည်-

(က) **နှစ်ပတ်လည်အထွေထွေအစည်းအဝေး။** ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့် နေ့ရက်မှ ၁၈ လ အတွင်းနှင့် ပြက္ခဒိန်နှစ် တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပရမည်။ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် သာမန်လုပ်ရိုးလုပ်စဉ်ဖြစ်သည့် ကုမ္ပဏီ၏ ဒါရိုက်တာများ ရွေးချယ်ခြင်း (အစုရှယ်ယာရှင်များမှ) အပါအဝင်နှင့် ကုမ္ပဏီသည် နှစ်စဉ်ဘဏ္ဍာရေး အစီရင်ခံစာ၊ ဒါရိုက်တာများ၏ အစီရင်ခံစာနှင့် စာရင်းစစ် အစီရင်ခံစာ ပြုစုရန် လိုအပ်ပါက နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များကို တင်ပြရမည်။

(ခ) **အထူးကျင်းပသည့်အထွေထွေအစည်းအဝေး။** ကုမ္ပဏီတွင်ပါဝင်သူများ၏ အခြား အစည်းအဝေး တစ်ရပ်ရပ် (နှစ်ပတ်လည်အထွေထွေအစည်းအဝေးမှတစ်ပါး)။

(ဂ) **ဥပဒေအရ လိုက်နာဆောင်ရွက်ရသည့် အစည်းအဝေး။** အများနှင့်သက်ဆိုင်သော ကုမ္ပဏီများနှင့်ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် အစုရှယ်ယာမတည်ငွေရင်း ရှိသော ကုမ္ပဏီများသည် ဖွဲ့စည်းတည်ထောင်သည့်နေ့မှ ၂၈ ရက် အောက်မနည်း ၆ လ အတွင်း အစည်းအဝေးခေါ်ယူရန် လိုအပ်ပါသည်။

**အစည်းအဝေးများကျင်းပခြင်းမပြုဘဲ စာဖြင့်ရေးသား၍ ဆုံးဖြတ်ချက်များချမှတ်ခြင်း**

၁။ အစုရှယ်ယာရှင်တစ်ဦးသာရှိသော ကုမ္ပဏီတစ်ခုတွင် အထွေထွေအစည်းအဝေးများ ခေါ်ယူကျင်းပရန်မလိုအပ်သည့်အပြင် အစုရှယ်ယာရှင်ဆုံးဖြတ်ချက်တစ်ရပ်ကို စာဖြင့်ရေးသား မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ချမှတ်နိုင်သည်။

၂။ ထို့အတူ အများနှင့်မသက်ဆိုင်သောကုမ္ပဏီတစ်ခုသည် အဖွဲ့ဝင်များအားလုံး ဆုံးဖြတ်ချက် မိတ္တူပေါ်တွင် လက်မှတ်ရေးထိုးပါက အထွေထွေအစည်းအဝေးမကျင်းပဘဲ ဆုံးဖြတ်ချက် တစ်ရပ်ကို ချမှတ်နိုင်သည်။ ဆုံးဖြတ်ချက်တွင် ကုမ္ပဏီတွင် ပါဝင်သူများအားလုံး လက်မှတ်ရေးထိုးပြီးသည့်အခါ ဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်သည် (အတည်ပြုနိုင်သည်) ဟု သတ်မှတ်ရမည်။

**အစုရှယ်ယာရှင်များ၏အခြားအခွင့်အရေးများ**

၃၆။ အစုရှယ်ယာရှင်များတွင် အောက်ပါအခွင့်အရေးများရှိသည်-

(က) **ကုမ္ပဏီတွင်ပါဝင်သူများ၏မှတ်ပုံတင်စာရင်းကိုစစ်ဆေးခြင်း။** အစုရှယ်ယာရှင်များသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အခမဲ့စစ်ဆေးနိုင်သည့်အပြင် မိတ္တူများကို ရပိုင်ခွင့်ရှိသည်။ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်း သို့မဟုတ် စီးပွားရေး လုပ်ငန်း အဓိကလုပ်ကိုင်သည့်နေရာတွင် မှတ်ပုံတင်စာရင်းများကို သာမာန်အားဖြင့် ထားရှိသည်။ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် အစုရှယ်ယာဝင် တစ်ဦးစီ၏အသေးစိတ်အချက်အလက်များ၊ ပိုင်ဆိုင်သော အစုရှယ်ယာအရေအတွက်နှင့် အစုရှယ်ယာများအပေါ် ပေးချေပြီးသည့်ငွေပမာဏတို့ ပါဝင်ပါသည်။

(ခ) **ကုမ္ပဏီကထိန်းသိမ်းထားသော အခြားမှတ်ပုံတင်စာရင်းများကို စစ်ဆေးခြင်း**

(၁) ထို့အပြင် အစုရှယ်ယာရှင်များသည် ကုမ္ပဏီမှ ဥပဒေအရ ထိန်းသိမ်းရန်လိုအပ်သော အခြား မှတ်ပုံတင်စာရင်း တစ်ခုခုကို အခမဲ့ စစ်ဆေးနိုင်ပါသည်။ အဆိုပါ စစ်ဆေးခွင့်တွင် ဒါရိုက်တာတစ်ဦးက ကြေညာထားသော အကျိုးစီးပွားတစ်ရပ်ရပ်၊ ကုမ္ပဏီမှ ဒါရိုက်တာ တစ်ဦးထံသို့ ပေးအပ်ထားသော အကျိုးခံစားခွင့် တစ်ရပ်ရပ်အပါအဝင် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးစီနှင့် အတွင်းရေးမှူးတို့၏ အသေးစိတ် အချက်အလက်များ ပါဝင်သော ကုမ္ပဏီမှ ထိန်းသိမ်းထားသော ဒါရိုက်တာများနှင့် အတွင်းရေးမှူးတို့၏ မှတ်ပုံတင်စာရင်းများလည်း ပါဝင်ပါသည်။

(၂) အစုရှယ်ယာရှင်များသည် ကုမ္ပဏီ၏ ပစ္စည်းများအပေါ် ကျသင့်ငွေနှင့် ပေါင်နှံခြင်းဆိုင်ရာ မှတ်ပုံတင်စာရင်းကဲ့သို့သော ပေါင်နှံထားသည့်ပစ္စည်း၏ အသေးစိတ်အချက်အလက်များနှင့် အပေါင်ခံသူ၏ အမည်များပါဝင်သော ကုမ္ပဏီ၏ ဥပဒေအရ လိုအပ်သည့် အခြားမှတ်ပုံတင် စာရင်းများကိုလည်း စစ်ဆေးနိုင်ပါသည်။

(ဂ) **အစုရှယ်ယာရှင် ဆုံးဖြတ်ချက်များနှင့် အစည်းအဝေးမှတ်တမ်းများကို စစ်ဆေးခြင်း။** ကုမ္ပဏီ တစ်ခုသည် စာဖြင့်ရေးသား မှတ်တမ်းတင်ထားသော အစုရှယ်ယာရှင် ဆုံးဖြတ်ချက်များ အားလုံးနှင့် အထွေထွေအစည်းအဝေးမှတ်တမ်းများ အားလုံးကို ထိန်းသိမ်းရမည်။ အစုရှယ်ယာရှင်များသည် ကုမ္ပဏီ၏ အစည်းအဝေးမှတ်တမ်း စာအုပ်များနှင့် အစုရှယ်ယာရှင် ဆုံးဖြတ်ချက်များကို အခမဲ့ စစ်ဆေးပိုင်ခွင့် ရှိသည့်အပြင် ဆုံးဖြတ်ချက်များနှင့် မှတ်တမ်းများ မိတ္တူကို တောင်းခံနိုင်သည်။

(ဃ) **ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မိတ္တူကို တောင်းခံနိုင်ခြင်း။** အစုရှယ်ယာရှင်သည် ကုမ္ပဏီထံမှ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမိတ္တူကို တောင်းခံနိုင်ပြီး ကုမ္ပဏီသည် တောင်းခံသည့်နေ့မှ ၁၄ ရက် အတွင်း အစုရှယ်ယာရှင်ထံ ပေးပို့ရမည်။

(င) **ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို လက်ခံရရှိခြင်း။** စာရင်းစစ်ဆေးပြီးဖြစ်သော ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းကိုပြုစုရန်လိုအပ်သော ကုမ္ပဏီ တစ်ခုသည် ၎င်း၏ အစုရှယ်ယာရှင်များအားလုံးထံသို့ အဆိုပါ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းကို ပေးပို့ရမည်ဖြစ်ပြီး ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းမိတ္တူ တစ်စောင်ကို နှစ်ပတ်လည် အထွေထွေအစည်းအဝေး မကျင်းပမီ အနည်းဆုံး ၂၁ ရက် ကြိုတင်၍ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတွင် စစ်ဆေး နိုင်ရန်အတွက် ထားရှိရမည်။

(စ) **အမြတ်ဝေစု လက်ခံရရှိခြင်း။** အချို့သောကုမ္ပဏီများသည် ၎င်းတို့၏ အစုရှယ်ယာရှင်များအား အမြတ်ဝေစုပေးချေကြပြီး အစုရှယ်ယာများ ထုတ်ဝေစဉ်က သတ်မှတ်သည့် စည်းကမ်းချက်များအပေါ် အခြေခံ၍ အစုရှယ်ယာ ရှင်များသည် အမြတ်ဝေစုများကို လက်ခံရယူပိုင်ခွင့်ရှိသည်။ အစုရှယ်ယာရှင်များသို့ အမြတ်ဝေစု ပေးချေခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းတွင် ဖော်ပြနိုင်သည်။

**ဒါရိုက်တာများနှင့်အစုရှယ်ယာရှင်များ ခြားနားချက်**

၁။ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များသည် ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံသူများ ဖြစ်ကြသည့် အလျောက် ကုမ္ပဏီကို စုပေါင်းပိုင်ဆိုင်ကြသည်။ အခြားတစ်ဖက်တွင် ဒါရိုက်တာများသည် ကုမ္ပဏီ၏ စီးပွားရေး လုပ်ငန်း စီမံခန့်ခွဲမှုအတွက် တာဝန်ရှိသူများဖြစ်သည်။

၂။ ဒါရိုက်တာတစ်ဦးသည် ၎င်း၏ကိုယ်ပိုင်အကျိုးစီးပွားနှင့် ပဋိပက္ခဖြစ်စေကာမူ ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ဆောင်ရွက်ရမည်။ အစုရှယ်ယာရှင်များသည် ၎င်းတို့ကိုယ်ပိုင် အကျိုးစီးပွားအတွက် သာမန်အားဖြင့် လွတ်လပ်စွာဆောင်ရွက်နိုင်သည်။

၃။ ဒါရိုက်တာများသည် အရေးကြီးသောပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့်ကို ထုတ်ဖော်ပြောဆို ရန်တာဝန်၊ ရာထူးနေရာ သို့မဟုတ် ရရှိသောသတင်းအချက်အလက်များကို မလျော်မကန် အသုံးမပြု ခြင်းနှင့် ကျိုးကြောင်းစဉ်းစားမှုမပြုဘဲ ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့အပါအဝင် ဥပဒေအရ တာဝန်များစွာရှိသည်။ အစုရှယ်ယာရှင်များသည် အစုရှယ်ယာများအပေါ်တင်ရှိနေသော မပေးချေရ သေးသည့် ငွေပမာဏကို ပေးချေရန် လိုအပ်သည်မှ လွဲ၍ ဖော်ပြပါတာဝန်များသည် အစုရှယ်ယာ ရှင်များနှင့် သက်ဆိုင်ခြင်း မရှိပါ။

၄။ ကုမ္ပဏီတိုင်းသည် အနည်းဆုံးရှယ်ယာရှင်တစ်ဦး ရှိရမည်ဖြစ်ပြီး ဥပဒေအရ လိုအပ်သော ဒါရိုက်တာဦးရေရှိရမည်။ (အများနှင့်မသက်ဆိုင်သော ကုမ္ပဏီများတွင် အနည်းဆုံး ဒါရိုက်တာ တစ်ဦး ရှိရမည်ဖြစ်ပြီး အများနှင့်သက်ဆိုင်သော ကုမ္ပဏီများတွင် အနည်းဆုံး ဒါရိုက်တာ သုံးဦးရှိရမည်ဖြစ် သည်။)

၅။ ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီ၏အစုရှယ်ယာရှင် တစ်ဦးလည်းဖြစ်နိုင်ပါသည်။ သာမန်အား ဖြင့် အသေးစားကုမ္ပဏီများတွင် အစုရှယ်ယာရှင်နှင့် ဒါရိုက်တာသည် တစ်ဦးတည်း ဖြစ်နိုင်ပါသည်။

၆။ ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီတွင် အစုရှယ်ယာရှင်မဟုတ်ပါက ကုမ္ပဏီတွင်ပိုင်ဆိုင်သူ မဟုတ် သဖြင့် ၎င်း၏တာဝန်သည် ကုမ္ပဏီကို စီမံအုပ်ချုပ်ရန်သာဖြစ်သည်။

## အခန်း(၄)

## ကုမ္ပဏီကိုစီမံခန့်ခွဲခြင်း

### ဒါရိုက်တာ

၃၇။ ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲရန်ခန့်အပ်ထားသော သို့မဟုတ် ရွေးကောက်တင်မြှောက်ထားသော ပုဂ္ဂိုလ်ဖြစ်သည်။ ဒါရိုက်တာသည် ကုမ္ပဏီကို လမ်းညွှန်မှုပေးပါသည်။ ဒါရိုက်တာများသည် ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းကို ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ အပါအဝင် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ စီမံခန့်ခွဲရမည်။

၃၈။ ဒါရိုက်တာများသည် ကုမ္ပဏီ၏ နေ့စဉ်စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲရန် တာဝန်ရှိသူများဖြစ်သည်။ ဒါရိုက်တာများသည် အစုရှယ်ယာရှင်များ ဖြစ်နိုင်သကဲ့သို့ အစုရှယ်ယာရှင် မဟုတ်သူလည်းဖြစ်နိုင်ပါသည်။ ဒါရိုက်တာများသည် ကုမ္ပဏီနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကုမ္ပဏီ၏ အခြားသော ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တာဝန်ရှိပါသည်။ ဒါရိုက်တာများသည် ကုမ္ပဏီ၏ အကျိုးအတွက် အကောင်းဆုံး ဖြစ်သည်ဟု ယုံကြည်သည့်အတိုင်း ရိုးသားစွာဆောင်ရွက်ရမည့်အပြင် အခြေအနေအရပ်ရပ် အားလုံးတွင် သင့်လျော်မျှတသည်ဟု ယုံကြည်သည့်အတိုင်း ထိုက်သင့်သောဂရုပြုမှုဖြင့် ရိုးသားစွာ ဆောင်ရွက်ရမည်။

၃၉။ ဒါရိုက်တာများ၏ တာဝန်များတွင် မူဝါဒများကိုဆုံးဖြတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ဆုံးဖြတ်ချက်များချမှတ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ်အခြားအစိုးရအဖွဲ့အစည်းများသို့စာရွက်စာတမ်းများတင်ပြရန်ပြုစုခြင်းနှင့်တင်ပြခြင်း၊ အစုရှယ်ယာရှင်များ၏နှစ်ပတ်လည်အစည်းအဝေးအပါအဝင် အထွေထွေအစည်းအဝေးများခေါ်ယူခြင်းနှင့် ဥပဒေအရလိုအပ်သော ကုမ္ပဏီ၏မှတ်တမ်းများကို ထိန်းသိမ်းခြင်းတို့ ပါဝင်ပါသည်။ သတိပြုရန်မှာ ဒါရိုက်တာများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ဥပဒေဆိုင်ရာတာဝန်များစွာရှိသည့်အတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့် ကုမ္ပဏီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို သေချာစွာ ရင်းနှီးကျွမ်းဝင်သင့်သည်။

### ဒါရိုက်တာများအတွက်လိုအပ်ချက်များ

၄၀။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီတွင် အနည်းဆုံး ဒါရိုက်တာတစ်ဦးရှိရမည်ဖြစ်ပြီး အများနှင့်သက်ဆိုင်သောကုမ္ပဏီတွင် အနည်းဆုံးဒါရိုက်တာ သုံးဦးရှိရမည်ဖြစ်သည်။ (သုံးဦးအနက်တစ်ဦးသည် မြန်မာနိုင်ငံသားဖြစ်ရမည်။) ကုမ္ပဏီတစ်ခုတွင် ရှိရမည့်အများဆုံးဒါရိုက်တာအရေအတွက်ကို ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြလေ့ရှိသည်။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြထားသော ဒါရိုက်တာဦးရေ အများဆုံး အရေအတွက်

ကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြောင်းလဲရန် အထူးဆုံးဖြတ်ချက် တစ်ရပ်ချမှတ်၍ တိုးမြှင့်နိုင်သည် သို့မဟုတ် လျှော့ချနိုင်သည်။

၄၁။ ကုမ္ပဏီ၏ အနည်းဆုံး ဒါရိုက်တာတစ်ဦးသည် မြန်မာနိုင်ငံတွင် အများအားဖြင့်နေထိုင်သူ ဖြစ်ရမည်။ အများအားဖြင့်နေထိုင်သူ ဒါရိုက်တာသည် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့် ရရှိထားသူ သို့မဟုတ် ၁၂ လ တာကာလ တစ်ခုချင်းစီတွင် နိုင်ငံတော်အတွင်း အနည်းဆုံး ၁၈၃ ရက် နေထိုင်သူ ဖြစ်ရမည်။

၄၂။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ကုမ္ပဏီ၏ဒါရိုက်တာများအတွက် အနည်းဆုံး အရည်အချင်း သတ်မှတ်ချက်မှာအောက်ပါအတိုင်းဖြစ်သည်-

(က) ဒါရိုက်တာသည် အနည်းဆုံးအသက် ၁၈ နှစ် ပြည့်ပြီးသည့် လူပုဂ္ဂိုလ်ဖြစ်ရမည်။

(ခ) ဒါရိုက်တာသည် စိတ်ပေါ့သွတ်သူ မဖြစ်စေရ။

(ဂ) ဒါရိုက်တာသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ သို့မဟုတ် အခြား သက်ဆိုင်ရာ ဥပဒေတစ်ခုခုအရ ဒါရိုက်တာတစ်ဦးအနေဖြင့် ဆောင်ရွက်ရန် အရည်အချင်း မပြည့်ဝသူ မဖြစ်စေရ။

(ဃ) ဒါရိုက်တာသည် လူမွဲအဖြစ်ခံယူထားသူတစ်ဦး မဖြစ်စေရ။

၄၃။ ကုမ္ပဏီတစ်ခုသည် ၎င်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ အစုရှယ်ယာများကို ပိုင်ဆိုင်မှု သတ်မှတ်ချက်ကဲ့သို့သော ဒါရိုက်တာ၏ သီးခြားအရည်အချင်းကို ဖော်ပြနိုင်သည်။

## ဒါရိုက်တာများခန့်အပ်ခြင်း

၄၄။ ကုမ္ပဏီ၏ပထမဦးဆုံးဒါရိုက်တာများသည် ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုအတွက် လျှောက်လွှာတွင် အမည်စာရင်းဖော်ပြသော ပုဂ္ဂိုလ်များထဲမှ ရွေးချယ်လေ့ရှိသည်။ အခြားသောဒါရိုက်တာများကို သာမန်အားဖြင့် အထွေထွေအစည်းအဝေး၌ အစုရှယ်ယာရှင်များ၏ သာမန်ဆုံးဖြတ်ချက်ဖြင့် သို့မဟုတ် စာဖြင့်ရေးသားထားသော ဆုံးဖြတ်ချက်ဖြင့် ခန့်အပ်ကြပါသည်။ အစုရှယ်ယာရှင် တစ်ဦးတည်းဖြစ်သည့် ဒါရိုက်တာတစ်ဦးတည်းရှိသော ကုမ္ပဏီ၏ ဒါရိုက်တာက အခြားဒါရိုက်တာတစ်ဦးကို စာဖြင့်ရေးသား ခန့်အပ်နိုင်ပါသည်။

၄၅။ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအနေဖြင့် မခန့်အပ်မီ ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းကို သဘောတူကြောင်း စာဖြင့်ရေးသားထားသည့် သဘောတူညီချက်ကို ဒါရိုက်တာတိုင်းမှ ပေးအပ်ရမည်။

၄၆။ ကုမ္ပဏီ၏ဒါရိုက်တာများသည် ဆန္ဒရှိပါက အုပ်ချုပ်မှုဒါရိုက်တာ (Managing Director) တစ်ဦးကိုလည်းခန့်အပ်နိုင်သည့်အပြင် ဒါရိုက်တာများကကျင့်သုံးဆောင်ရွက်နိုင်သော လုပ်ပိုင်ခွင့်များမှ

တစ်ရပ်ရပ်ကို အုပ်ချုပ်မှုဒါရိုက်တာထံသို့ အပ်နှင်းနိုင်သည်။ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦး ခန့်အပ်ခြင်း သည် ဥပဒေအရ မဖြစ်မနေဆောင်ရွက်ရမည် မဟုတ်ပါ။

၄၇။ ဒါရိုက်တာတစ်ဦးသည် အခြားသော ဒါရိုက်တာများ၏ အတည်ပြုချက်ဖြင့် အလှည့်ကျ ဒါရိုက်တာတစ်ဦးကို ၎င်းတို့အစည်းအဝေး မတက်ရောက်နိုင်သည့်အခါ သို့မဟုတ် လုပ်ငန်းမဆောင်ရွက် နိုင်သည့်အခါ ယာယီအချိန်ကာလအတွက် ၎င်း၏နေရာတွင် ခန့်အပ်နိုင်သည်။ အလှည့်ကျ ဒါရိုက်တာ တစ်ဦးခန့်အပ်ကြောင်း စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာတစ်စောင်ကို ကုမ္ပဏီသို့ပေးပို့ရ မည်။

၄၈။ ကုမ္ပဏီ၏ ဒါရိုက်တာများသည် ကုမ္ပဏီ အတွင်းရေးမှူးတစ်ဦးကို ခန့်အပ်နိုင်သော်လည်း မဖြစ် မနေခန့်အပ်ရန်မလိုပါ။ ကုမ္ပဏီအတွင်းရေးမှူးတစ်ဦးကို ခန့်အပ်ခဲ့လျှင် အနည်းဆုံး အသက် ၁၈ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

**ဒါရိုက်တာများနှုတ်ထွက်ခြင်း၊ အငြိမ်းစားယူခြင်း သို့မဟုတ် ဖယ်ရှားခြင်း**

၄၉။ ဒါရိုက်တာတစ်ဦးသည် မည်သည့်အချိန်တွင်မဆို ၎င်း၏နုတ်ထွက်စာကို စာဖြင့်ရေးသားခြင်း ဖြင့် နုတ်ထွက်နိုင်သည် သို့မဟုတ် အငြိမ်းစားယူနိုင်သည်။ ဒါရိုက်တာတစ်ဦးအနေဖြင့် မခန့်အပ်မီ ၎င်း၏သဘောတူညီချက် လိုအပ်ခြင်းကြောင့် အဆိုပါဒါရိုက်တာသည် အလုပ်မှနုတ်ထွက်လိုလျှင် သို့မဟုတ် အငြိမ်းစားယူလိုလျှင် ကုမ္ပဏီတွင် ဆက်လက်တာဝန် ထမ်းဆောင်ရန် အတင်းအကြပ် မပြု လုပ်နိုင်ပါ။

၅၀။ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များသည် သာမန်ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ဒါရိုက်တာ တစ်ဦးဦး ကို ရာထူးမှဖယ်ရှား နိုင်သည့်အပြင် သာမန်ဆုံးဖြတ်ချက်ဖြင့် နောက်ထပ်ဒါရိုက်တာ တစ်ဦးကို ခန့်အပ်နိုင်ပါသည်။ အစုရှယ်ယာရှင်များက ရာထူးမှဖယ်ရှားခဲ့သည့် ဒါရိုက်တာတစ်ဦးကို ဒါရိုက်တာ အဖွဲ့အနေဖြင့် ပြန်လည် ခန့်အပ်နိုင်ခြင်းမရှိပါ။

၅၁။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် ကုမ္ပဏီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် အခြား နည်းအားဖြင့် ဖော်ပြထားခြင်းမရှိပါက နှစ်ပတ်လည်အထွေထွေအစည်းအဝေးတိုင်းတွင် ဒါရိုက်တာ ဦးရေ၏ သုံးပုံတစ်ပုံသည် ရာထူးမှ အငြိမ်းစားယူရမည်ဖြစ်ပြီး ဒါရိုက်တာအနေဖြင့် ပြန်လည် ရွေးချယ်ခြင်းကို အစုရှယ်ယာရှင်များက ဆောင်ရွက်နိုင်သည်။

၅၂။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ဒါရိုက်တာတစ်ဦးသည် အောက်ပါအကြောင်း တစ်ရပ်ရပ် ဖြစ်ပေါ်လာခဲ့လျှင် ဒါရိုက်တာရာထူးနေရာမှ ဖယ်ရှားခြင်းခံရမည်-

(က) ဒါရိုက်တာသည်ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ပိုင်ဆိုင်ရန် သတ်မှတ်ထားသည့် အနည်းဆုံးအစုရှယ်ယာ အရေအတွက် (ရှိခဲ့လျှင်) ပိုင်ဆိုင်ရန် ပျက်ကွက်ခြင်း။

(ခ) ဒါရိုက်တာကို စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတစ်ခုခုက စိတ်ပေါ့သွပ်သူဖြစ်ကြောင်း တွေ့ရှိခဲ့လျှင် သို့မဟုတ် ဒေဝါလီခံရကြောင်း သို့မဟုတ် လူမွဲဖြစ်ကြောင်း ဆုံးဖြတ်ခြင်း ခံရလျှင်။

(ဂ) ဒါရိုက်တာသည် အစုရှယ်ယာများအတွက် ငွေပေးချေရန် တောင်းခံမှု ပြုလုပ်သည့်နေ့မှ ၆ လအတွင်း ဒါရိုက်တာများပိုင်ဆိုင်ထားသည့် အစုရှယ်ယာများအတွက် တောင်းဆိုသည့် ငွေအားပေးချေရန်ပျက်ကွက်လျှင်။

(ဃ) ဒါရိုက်တာသည် တစ်ဆက်တစ်စပ်တည်း ပြုလုပ်သော ဒါရိုက်တာများ အစည်းအဝေး သုံးကြိမ် သို့မဟုတ် ပြက္ခဒိန်လ သုံးလအတွင်း ကျင်းပပြုလုပ်သော ဒါရိုက်တာများ အစည်းအဝေး အားလုံးသို့ ဒါရိုက်တာအဖွဲ့ထံမှ ခွင့်ယူခြင်းမရှိဘဲ သို့မဟုတ် အလှည့်ကျ ဒါရိုက်တာအား တာဝန်ပေးခြင်းမပြုဘဲ တက်ရောက်ရန် ပျက်ကွက်လျှင် သို့မဟုတ်။

(င) ဒါရိုက်တာသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ဖော်ပြထားသော ဒါရိုက်တာရာထူးနေရာအတွက် လိုအပ်သည့် အရည်အချင်းတစ်ရပ်ရပ်ကို ရရှိရန် သို့မဟုတ် ညီညွတ်ရန်ပျက်ကွက်လျှင်။

၅၃။ အဆိုပါအကြောင်းအရာများအပြင်ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဒါရိုက်တာတစ်ဦးကို ၎င်း၏ရာထူးနေရာမှ ဖယ်ရှားခံရမည့် အခြားအကြောင်းများကို ဖော်ပြနိုင်သည်။

**ဒါရိုက်တာများ၏ အခွင့်အာဏာများ**

၅၄။ ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာများသည် ကုမ္ပဏီနှင့်ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲရန်တာဝန်ရှိသည်။ ဒါရိုက်တာတစ်ဦးသည်ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပြီး ကုမ္ပဏီ၏ဆောင်ရွက်မှုများကို လမ်းညွှန်ခြင်း၊ စောင့်ကြည့် စစ်ဆေးခြင်း ပြုလုပ်ရမည်။

၅၅။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၂၀၁၇ တွင် ကုမ္ပဏီ၏ဒါရိုက်တာများကို စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကုမ္ပဏီ၏အခွင့်အာဏာများအားလုံးကို ကျင့်သုံးဆောင်ရွက်ရန် ခွင့်ပြုထားသည်။ ၎င်းတွင်ငွေချေးယူခြင်း၊ အစုရှယ်ယာများထုတ်ပေးခြင်း၊ ပဋိညာဉ်စာချုပ်များ လက်မှတ်ရေးထိုးခြင်း၊ တရားစွဲဆိုနိုင်ခြင်း၊ ဝန်ထမ်းငှားရမ်းခြင်းနှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအပေါ် ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တည်ရှိခြင်းတို့ ပြုလုပ်ရန် အတွက် အခွင့်အာဏာများ ပါဝင်ပါသည်။

၅၆။ ဒါရိုက်တာများသည် ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက် (Board of Directors' resolution) ဟု သာမန်အားဖြင့် သိရှိကြသော ဒါရိုက်တာများဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခြင်းဖြင့် ၎င်းတို့၏ အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်သည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ကုမ္ပဏီ၏ အစုရှယ်ယာသစ်များထုတ်ဝေခြင်း၊ အစုရှယ်ယာရှင်များသို့ပေးချေရန် အမြတ်ဝေစုပမာဏ သတ်မှတ်

ခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းကို (ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရလိုအပ်လျှင်) အတည်ပြုခြင်း စသောကိစ္စရပ်များအပေါ် ဒါရိုက်တာများ၏ ဆုံးဖြတ်ချက်များ လိုအပ်ပါသည်။

### ဒါရိုက်တာများ၏ဥပဒေဆိုင်ရာတာဝန်များ

၅၇။ ဒါရိုက်တာများသည် ကုမ္ပဏီ၏လုပ်ငန်းကိစ္စများကို ဆောင်ရွက်နိုင်သည့် ကျယ်ပြန့်သော အခွင့်အာဏာများပေးအပ်ထားပြီး ဒါရိုက်တာများက ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံး ဖြစ်စေရန် လျော်ကန်သင့်မြတ်စွာ ဆောင်ရွက်ကြောင်း သေချာစေမည့် ဥပဒေဆိုင်ရာ တာဝန်များစွာကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ က အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်း ပေးထားပါသည်-

(က) ထိုက်သင့်သောဂရုပြုမှု နှင့် လုံ့လဝီရိယဖြင့် ဆောင်ရွက်ရန်တာဝန်။

(ခ) ကုမ္ပဏီ၏အကျိုးအတွက်အကောင်းဆုံးဖြစ်စေရန်သဘောရိုးဖြင့်ဆောင်ရွက်ရမည့် တာဝန်။

(ဂ) ရာထူးနေရာ သို့မဟုတ် သတင်းအချက်အလက်များကို မလျော်မကန်အသုံးမပြုရန် တာဝန်။

(ဃ) မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့အား လိုက်နာရန်တာဝန်။

(င) ကျိုးကြောင်းစဉ်းစားမှုမပြုဘဲ ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်ရန်တာဝန်။

(စ) ကုမ္ပဏီမှ ဆောင်ရွက်နိုင်ခြင်းမရှိလျှင် တာဝန်များရယူဆောင်ရွက်ခြင်း မပြုရန်တာဝန်။

(ဆ) အရေးကြီးသော ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့်များကို ထုတ်ဖော်ပြောဆိုရမည့် တာဝန်။

**ဒါရိုက်တာများ၏ ဥပဒေဆိုင်ရာတာဝန်များအတိုင်းလိုက်နာဆောင်ရွက်ခြင်း**

ဥပဒေဆိုင်ရာတာဝန်များအတိုင်း လိုက်နာဆောင်ရွက်ရန် ဒါရိုက်တာများသည် အောက်ပါတို့ကို သေချာစွာဆောင်ရွက်ရမည်-

(က) ကုမ္ပဏီနှင့်သော်လည်းကောင်း၊ ကုမ္ပဏီကိုယ်စား အခြားသူများနှင့် သော်လည်းကောင်း ဆက်သွယ် လုပ်ကိုင်ဆောင်ရွက်ရာတွင် သတိထား၍ ရိုးသားစွာဆောင်ရွက်ရန်။

(ခ) ကုမ္ပဏီ၏အကျိုးအတွက်အကောင်းဆုံးဖြစ်စေရန်ဆောင်ရွက်ခြင်း အပါအဝင် ကုမ္ပဏီ၊ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့်ကုမ္ပဏီ၏ မြီရှင်များအကျိုးအတွက် ထိပ်တန်းဦးစား ပေးရန် (ဒါရိုက်တာများ၏ ကိုယ်ပိုင်ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးခံစားခွင့် တစ်ရပ်ရပ် ရှိခဲ့ သည့်တိုင်အောင် ဦးစားမပေးရန်)။

(ဂ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ဒါရိုက်တာများ ၏ ဥပဒေဆိုင်ရာ တာဝန်များကို နားလည်သဘောပေါက်ပြီး ဆုံးဖြတ်ချက်များ ချမှတ် ရာတွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အညီ လိုက်နာဆောင်ရွက်ရန်။

(ဃ) ကုမ္ပဏီ၏ ကြွေးမြီများကို အချိန်မီပေးဆပ်နိုင်ခြင်း၊ တိကျသော ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းခြင်း၊ ကုမ္ပဏီက ဆောင်ရွက်နိုင်ခြင်းမရှိသော တာဝန်များကို မဆောင်ရွက်ခြင်း၊ ကုမ္ပဏီ၏ဘဏ္ဍာရေးဆိုင်ရာ အခြေအနေနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ခြင်း တို့ကိုသေချာစွာ ဆောင်ရွက်ရန်။

(င) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းအား ဆောင်ရွက်ရာတွင် ကုမ္ပဏီမြီရှင်များအတွက် ကြီးမားသည့် ဆုံးရှုံးမှုကို ဖြစ်ပေါ်စေမည့်နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းသို့မဟုတ် ဆောင်ရွက်ရန် သဘောတူခြင်းကို မပြုလုပ်ရ သို့မဟုတ် ထိုသို့ပြုလုပ်ခြင်းကို ခွင့်မပြုရန်။

(စ) ၎င်းတို့၏ရာထူးအလျောက် ရရှိသောသတင်းအချက်အလက် တစ်စုံတစ်ရာကို လျော်ကန် သင့်မြတ်စွာ အသုံးပြုရန်နှင့် ကုမ္ပဏီ၏အကျိုး ထိခိုက်နစ်နာစေခြင်း မဖြစ်စေရန်။

(ဆ) ဒါရိုက်တာအဖွဲ့ဆုံးဖြတ်ချက်အတွက် မဲပေးရာတွင် လွှမ်းမိုးနိုင်သော အကျိုးစီးပွားနှင့် ဆန့်ကျင်ခြင်းများမှ ရှောင်ကြဉ်ရမည်ဖြစ်ပြီး အရေးကြီးသော ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုး စီးပွား တစ်ရပ်ရပ်ကို ထုတ်ဖော်ပြောဆိုရန်။

## ဒါရိုက်တာ၏ တာဝန်များနှင့် ဥပဒေဆိုင်ရာလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း

၅၈။ ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့်အညီ ၎င်းတို့၏ တာဝန်များနှင့် ကုမ္ပဏီမှ ဥပဒေအရ ဆောင်ရွက်ရမည့်တာဝန်များကို သေချာစွာ လိုက်နာ ဆောင်ရွက်ရမည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ တွင် ဥပဒေအတိုင်း လိုက်နာ ဆောင်ရွက်ရန် ကုမ္ပဏီက ပျက်ကွက်ခဲ့ပါက ဒါရိုက်တာများအပေါ် ချမှတ်နိုင်သော သီးခြားပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။

၅၉။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ တွင် ဖော်ပြထားသော ဒါရိုက်တာများ၏ တာဝန်များကို ချိုးဖောက်ခဲ့ပါက ပျက်ကွက်မှုတွင် အကျုံးဝင်သောဒါရိုက်တာတိုင်း (နှင့်အခြားပုဂ္ဂိုလ်တစ်ဦးစီသည်) ဒဏ်ကြေးငွေ ကျပ်သိန်း ၁၀၀ ပေးဆောင်ရမည်။ ပျက်ကွက်မှုတွင် အကျုံးဝင်ခြင်းကို သိလျက်နှင့် တမင်ပြုလုပ်ခဲ့သော ဒါရိုက်တာအားလုံးသည် ပျက်ကွက်မှုတွင်မရိုးသားမှုများ ပါဝင်ခဲ့လျှင် သီးခြား ပြစ်ဒဏ် ချမှတ်ခံရပြီး သတ်မှတ်ကာလအတွင်း ကုမ္ပဏီ၏ဒါရိုက်တာ တစ်ဦးအနေဖြင့် ဆောင်ရွက်ရန် တားမြစ်ခံရ နိုင်သည်။

**ဥပမာ-** ကုမ္ပဏီတစ်ခုသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ တွင် အမြတ်ဝေစု ခွဲဝေပေးရန် သတ်မှတ် ဖော်ပြထားသည့် လိုအပ်ချက်ကိုမလိုက်နာလျှင် ပျက်ကွက်မှုကိုသိလျက်နှင့် တမင်ခွင့်ပြုသော ဒါရိုက်တာတိုင်းသည် ဒဏ်ကြေးငွေ ကျပ် ငါးသိန်းပေးဆောင်ရမည်။ ကုမ္ပဏီသည် အမြတ်ဝေစု ခွဲဝေပေးချေပြီးနောက် လူမွဲစာရင်းဝင်ခဲ့လျှင် အမြတ်ဝေစု ပေးချေခြင်းကို သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သော ဒါရိုက်တာတစ်ဦးဦးသည် ကုမ္ပဏီက ငွေများပြန်လည်ရရှိရန် ကုမ္ပဏီ၏ မြီရှင်များက တရားစွဲဆိုခြင်းကိုခံရမည်။

၆၀။ သို့ဖြစ်ရာ ဒါရိုက်တာများသည် ကုမ္ပဏီအစီရင်ခံခြင်းနှင့် တင်ပြရန်လိုအပ်ချက်များကို ကိုင်တွယ်ရန် ကုမ္ပဏီသည် ကိုယ်စားလှယ်တစ်ဦး ခန့်အပ်ထားသည့်တိုင်အောင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရလိုက်နာရမည့်ဥပဒေဆိုင်ရာလိုအပ်ချက်များကိုသေချာစွာ နားလည်သဘောပေါက်သင့်သည်။

## အခြားအရာရှိများ

၆၁။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ တွင်လည်း ဒါရိုက်တာများအပြင် ကုမ္ပဏီ၏ "အခြား အရာရှိများ" အပေါ် ဥပဒေဆိုင်ရာ တာဝန်များကို သတ်မှတ်ထားပါသည်။ အဆိုပါ ဥပဒေအရ အရာရှိ ဆိုရာတွင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတစ်ရပ်လုံး သို့မဟုတ် အရေးကြီးသော အစိတ်အပိုင်းကို အကျိုးသက်ရောက်စေသော ဆုံးဖြတ်ချက်ချမှတ်သူ သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်သူများ သို့မဟုတ် ကုမ္ပဏီ၏ဘဏ္ဍာရေးကို ထူးခြားစွာ အကျိုးသက်ရောက်စေသော စွမ်းရည်ရှိသောသူများ ပါဝင်သည်။ ဒါရိုက်တာအဖွဲ့က တရားဝင်ခန့်အပ်ထားခြင်း မဟုတ်သော အကြီးစား စီမံခန့်ခွဲမှု ဆောင်ရွက်သူများလည်း ပါဝင်နိုင်ပါသည်။ ဥပဒေအရ ကုမ္ပဏီက ၎င်း၏တာဝန်များကို လိုက်နာ ဆောင်ရွက်ခြင်း မရှိလျှင် အဆိုပါအရာရှိသည်လည်း တာဝန်ရှိနိုင်ပါသည်။

**ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာတစ်ဦးလုပ်ပိုင်ခွင့်များနှင့်တာဝန်များ**

၁။ ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းကိစ္စရပ်များကို စီမံခန့်ခွဲရန် တာဝန်ရှိသူ တစ်ဦးဖြစ်သည်။ ကုမ္ပဏီတိုင်းတွင် အနည်းဆုံး ဒါရိုက်တာတစ်ဦး ရှိရမည်ဖြစ်သည်။ အကြီးစား ကုမ္ပဏီများတွင် ကုမ္ပဏီ၏စီးပွားရေးလုပ်ငန်းကို စုပေါင်းစီမံခန့်ခွဲသော ဒါရိုက်တာ အများအပြားရှိနိုင်ပါသည်။ အဆိုပါဒါရိုက်တာများကို "ဒါရိုက်တာအဖွဲ့" ဟု ရည်ညွှန်းလေ့ရှိသည်။

**ဒါရိုက်တာတစ်ဦး၏ အခန်းကဏ္ဍ**

၂။ ဒါရိုက်တာတစ်ဦး၏တာဝန်မှာ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းကိစ္စရပ်များကို စီမံခန့်ခွဲရန် ဖြစ်သည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အပြင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ဒါရိုက်တာတစ်ဦး၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ဖော်ပြနိုင်ပါသည်။ ဒါရိုက်တာတစ်ဦး၏ အဓိကတာဝန်မှာ အချိန်တိုင်းတွင် ကုမ္ပဏီသည် မည်သည်တို့ကို လုပ်ကိုင်ဆောင်ရွက်နေသည်ကို နားလည်သဘောပေါက်ရန် ဖြစ်သည်။

၃။ ဒါရိုက်တာသည် အဆိုပြုထားသော ဆောင်ရွက်ချက်တစ်စုံတစ်ရာအတွက် အထူးသဖြင့် ငွေကြေး ပမာဏအမြောက်အများနှင့်ပတ်သက်လာပါက ကုမ္ပဏီကို မည်သို့အကျိုးသက်ရောက်မှုရှိသည် ကို စဉ်းစားဆုံးဖြတ်ရန်လိုအပ်သည်။ ဒါရိုက်တာတစ်ဦးအနေဖြင့် ဒါရိုက်တာအစည်းအဝေးများတွင် တက်ကြွစွာဆောင်ရွက်သင့်သည်။ ဒါရိုက်တာသည် စီးပွားရေးလုပ်ငန်းနယ်ပယ်နှင့် စပ်လျဉ်း၍ ၎င်း၏ မန်နေဂျာများနှင့်ဝန်ထမ်းများကို လိုအပ်ပါက စုံစမ်းမေးမြန်းသင့်သည့်အပြင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် သတင်းအချက်အလက်များ ပိုမိုလိုအပ်ပါက အတတ်ပညာဆိုင်ရာ အကြံပြုချက်များကို ရယူသင့်သည်။

**ဒါရိုက်တာ၏ဥပဒေဆိုင်ရာတာဝန်များ**

၄။ ဒါရိုက်တာတစ်ဦး သို့မဟုတ် အရာရှိတစ်ဦးအနေဖြင့် ၎င်းတို့၏ အဓိကတာဝန်များတွင် အောက်ပါ တို့ပါဝင်သည်-

(က) ရိုးသားမှုရှိပြီး ကုမ္ပဏီနှင့်စပ်လျဉ်း၍ဆုံးဖြတ်ချက်ချမှတ်သည့်အခါတိုင်းတွင် သတိကြီးစွာထား၍ ဆောင်ရွက်ခြင်း။

(ခ) ကုမ္ပဏီလုပ်ကိုင်ဆောင်ရွက်နေသည်တို့နှင့် ကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေတို့ကို နားလည် သဘောပေါက်ခြင်း။

(ဂ) ကုမ္ပဏီ၏ကြွေးမြီများကို အချိန်မီသေချာစွာ ပြန်လည်ပေးဆပ်စေခြင်း။

(ဃ) ကုမ္ပဏီက ကောင်းမွန်သောဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို သေချာစွာထိန်းသိမ်းထား ရှိခြင်း။

(င) မိမိ၏ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးစီးပွားနှင့်ဆန့်ကျင်စေကာမူ ကုမ္ပဏီ၊ ကုမ္ပဏီ၏ အစုရှယ်ယာရှင်များနှင့် ကုမ္ပဏီ၏မြီရှင်များ အကျိုးအတွက် အကောင်းဆုံး ဖြစ်စေရန် ဆောင်ရွက်ခြင်း။

၅။ ဒါရိုက်တာ တစ်ဦးအနေဖြင့် ၎င်း၏တာဝန်များနှင့် ဆန့်ကျင်သော ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုးစီးပွား တစ်ခုခုရှိလျှင် ဒါရိုက်တာများအစည်းအဝေးတွင် အဆိုပါကိစ္စကို ထုတ်ဖော်ပြောဆိုသင့်သည်။

၆။ ထိုစည်းကမ်းချက်များသည် ကုမ္ပဏီဒါရိုက်တာများဆောင်ရွက်ရမည့် ဥပဒေဆိုင်ရာ တာဝန်များအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ တွင် ပါရှိသည်။ အဆိုပါဥပဒေတွင် ဒါရိုက်တာများသည် ၎င်းတို့၏တာဝန်များကို မည်သို့မည်ပုံဆောင်ရွက်ရမည်ကိုလည်းကောင်း၊ ကုမ္ပဏီ၏ ကိစ္စရပ်များကို မည်သို့ စီမံခန့်ခွဲရမည်ကို လည်းကောင်း သတ်မှတ်ဖော်ပြထားပါသည်။ ကုမ္ပဏီ၏ အရာရှိတစ်ဦးအနေဖြင့် မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ၂၀၁၇ အရ ကုမ္ပဏီသည် ၎င်း၏ တာဝန်များကို အပြည့်အဝ သေချာစွာ ဆောင်ရွက်ရန် တာဝန်ရှိသူဖြစ်ပါသည်။

၇။ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးတစ်ဦး အနေနှင့် “မည်သည်ကိုမျှ ဆောင်ရွက်ရန်မလို၊ လက်မှတ်ထိုးရန်သာဖြစ်သည်” ဟူသော ကတိပြုချက်ဖြင့် ကမ်းလှမ်းလာသည့် အခြေအနေမျိုးကို ရှောင်ရှားသင့်ပါသည်။ အဆိုပါရာထူးကို လက်ခံခဲ့ပါက ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးတို့တွင် ဥပဒေဆိုင်ရာ တာဝန်ရှိကြောင်း သိမြင်စေရမည်။ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး တစ်ဦး၏ ဥပဒေဆိုင်ရာတာဝန်များကို နားလည်သဘောပေါက်သည့်အပြင် ထိုရာထူးတွင် တာဝန်ယူဆောင်ရွက်ရန် ဆန္ဒရှိပြီး အားထုတ်ဆောင်ရွက်နိုင်စွမ်း ရှိမှသာလျှင် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရန် သဘောတူညီသင့်ပါသည်။

**ကုမ္ပဏီနှင့်စပ်လျဉ်းသောဒါရိုက်တာ၏တာဝန်များ**

၈။ ကုမ္ပဏီတစ်ခုသည် သီးခြားတရားဝင် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ အရ ထိုကုမ္ပဏီသည် ၎င်း၏ ကိုယ်ပိုင်အခွင့်အရေးဖြင့်တည်ရှိပြီး ပဋိညာဉ်များချုပ်ဆိုခြင်း၊ ငွေကြေးချေးငှားခြင်းနှင့် ရရန်ပိုင်ခွင့်များကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်း ကဲ့သို့သော လူပုဂ္ဂိုလ် တစ်ဦးက ဆောင်ရွက်နိုင်သည်များကို ကုမ္ပဏီက အားလုံးနီးပါး ဆောင်ရွက်နိုင်ပါသည်။

၉။ ကုမ္ပဏီတစ်ခု၏ဒါရိုက်တာတစ်ဦးဖြစ်လာပါကအောက်ပါတို့ကိုမှတ်သားထားရမည်-

(က) ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ ရရန်ပိုင်ခွင့်များကို ပိုင်ဆိုင်သည်။

(ခ) ကုမ္ပဏီသည် ကုမ္ပဏီ၏ ကြွေးမြီများပြန်လည်ပေးဆပ်ရန် သာမန်အားဖြင့် တာဝန်ရှိသည်။

(ဂ) ကုမ္ပဏီတွင်ရင်းနှီးမြှုပ်နှံထားသောငွေကြေးများ (ဥပမာ- ကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူသူ၊ ရင်းနှီးမြှုပ်နှံသူများထံမှ ရယူထားသည့်ချေးငွေ) ကို ကုမ္ပဏီကပိုင်ဆိုင်ပြီး ၎င်းတို့ကို ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့်အသုံးပြုရမည်ဖြစ်သည်။

၁၀။ ကုမ္ပဏီ၏ပစ္စည်းများ ရရန်ပိုင်ခွင့်များနှင့်ရန်ပုံငွေများကဲ့သို့သော ကုမ္ပဏီကပိုင်ဆိုင်သည်များကို ဒါရိုက်တာများက မိမိကိုယ်ပိုင်ကဲ့သို့ မသတ်မှတ်ရ။ အဆိုပါပစ္စည်းများသည် ဒါရိုက်တာများက ပိုင်ဆိုင်ခြင်း မဟုတ်၊ ကုမ္ပဏီက ပိုင်ဆိုင်ခြင်းဖြစ်သည်။

၁၁။ ဒါရိုက်တာသည် မိမိ၏အခွင့်အာဏာများကို ကျင့်သုံးရာတွင်လည်းကောင်း၊ မိမိတာဝန်များကို ထမ်းဆောင်ရာတွင်လည်းကောင်း၊ ကုမ္ပဏီ၏အကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် သဘောရိုးဖြင့် အစဉ်အမြဲဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက် တစ်ခုခုကြောင့် ကုမ္ပဏီ၏ဝန်ထမ်းများ၊ ကုမ္ပဏီ၏စီးပွားရေးအရ ဆက်သွယ် ဆောင်ရွက်နေမှုများတွင် ကုမ္ပဏီ၏ ဝန်ဆောင်မှုများကို သုံးစွဲနေသူများနှင့် ကုမ္ပဏီသို့ ပစ္စည်းပေးသွင်းနေသူများ၊ သဘာဝ ပတ်ဝန်းကျင်၊ ကုမ္ပဏီဂုဏ်သိက္ခာနှင့် ကုမ္ပဏီတွင် ပါဝင်သူများအကြား တရားမျှတစွာ ဆောင်ရွက်ရန် လိုအပ်သည်များအပေါ် အကျိုးသက်ရောက်ခြင်းများအပါအဝင် ကာလရှည်ဖြစ်ပေါ်မည့် အကျိုးဆက်များကို ထည့်သွင်းစဉ်းစားခြင်းလည်း ပါဝင်ပါသည်။

**အမည်ခံဒါရိုက်တာများ**

၁၂။ လူတစ်ဦးသည် အချို့အခြေအနေများအရ တရားဝင်ခန့်အပ်ခြင်းမခံရသည့်တိုင် ဒါရိုက်တာ တစ်ဦးကဲ့သို့ အလားတူတာဝန်နှင့် ပေးရန်တာဝန်ရှိမှုများနှင့် သက်ဆိုင်နိုင်ပါသည်။ ဥပမာ- ဒါရိုက်တာ တစ်ဦးကဲ့သို့ ဆောင်ရွက်လျှင် သို့မဟုတ် ခန့်အပ်ထားသည့် ဒါရိုက်တာများကို မည်သို့မည်ပုံ ဆောင်ရွက် ရမည်ဟု လမ်းညွှန်မှုများပြုလျှင် "အမည်ခံဒါရိုက်တာ" တစ်ဦး အဖြစ် သတ်မှတ်ခြင်းခံရမည်။

၁၃။ အမည်ခံဒါရိုက်တာများသည် ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးအနေဖြင့်တရားဝင်ခန့်အပ်ခြင်း မခံရသည့်တိုင် ဒါရိုက်တာများ၏ တာဝန်နှင့် စပ်လျဉ်းသော ဥပဒေကို ချိုးဖောက်ခြင်းအတွက် တာဝန်ရှိနိုင်မည်ဖြစ်သည်။

## အခန်း (၅)

## မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ကုမ္ပဏီများအတွက် လိုအပ်ချက်များ

၆၂။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ တွင် ကုမ္ပဏီ၏လုပ်ငန်းကိစ္စများ၊ အုပ်ချုပ်မှုဆိုင်ရာ အကြောင်းအရာများနှင့်စပ်လျဉ်းသည့် ကုမ္ပဏီများအတွက် အသေးစိတ် ဥပဒေရေးရာ လိုအပ်ချက်များ ပါဝင်ပါသည်။ ဤအပိုင်းသည် ကုမ္ပဏီများအတွက် အများစုသိရှိရမည့် လိုအပ်ချက်များအနက် အချို့ကို ဖော်ပြထားပါသည်။

### မှတ်ပုံတင်ထားသောရုံးခန်းထားရှိခြင်းနှင့် ကုမ္ပဏီအမည်အသုံးပြုခြင်း

၆၃။ ကုမ္ပဏီအားလုံးသည် ဆက်သွယ်ဆောင်ရွက်မှုများနှင့် အကြောင်းကြားစာများ ပေးပို့နိုင်ရန် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောရုံးခန်း[၁] ရှိရမည်။ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကိုမှတ်ပုံတင် ထားသော ရုံးခန်းလိပ်စာတွင် လုပ်ငန်းဆောင်ရွက်ခြင်း မရှိပါက ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းအဖြစ် အသုံးပြုသောဥပစာကို သုံးစွဲရန် ဥပစာတွင် ဝင်ရောက်နေထိုင်သူ၏ သဘောတူညီချက် ရှိရမည်။ ကုမ္ပဏီ၏အမည်ကို[၂] -

(က) ကုမ္ပဏီစီးပွားရေးလုပ်ငန်း ဆောင်ရွက်သည့်ရုံးခန်း သို့မဟုတ် နေရာအားလုံး၌ မြင်သာသည့်နေရာတွင်လည်းကောင်း။

(ခ) အကြောင်းကြားစာများ၊ ကြော်ငြာများ၊ ကုမ္ပဏီ၏အခြားသော တရားဝင် ထုတ်ပြန်သော စာစောင်များနှင့် ငွေတောင်းခံလွှာများ၊ လက်ခံပြေစာများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ ပေးပို့တင်ပြရသော စာရွက်စာတမ်းများ အပါအဝင် ကုမ္ပဏီ၏အများနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ အားလုံးတွင် လည်းကောင်း။

(ဂ) ကုမ္ပဏီ၏ရုံးတံဆိပ် (ရှိခဲ့လျှင်) ပေါ်တွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ် ဘာသာဖြင့် ရှင်းလင်းစွာရေးသား ဖော်ပြရမည်။

### ကုမ္ပဏီမှတ်ပုံတင်များ နှင့် မှတ်တမ်းများကို ထိန်းသိမ်းထားခြင်း

၆၄။ ကုမ္ပဏီအားလုံးသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ကုမ္ပဏီဆိုင်ရာ စာရင်းများကို တင်ပြထားသည့်အပြင် နောက်ဆုံးအချက်အလက်များအထိ ပါရှိသော ကုမ္ပဏီ မှတ်ပုံတင် စာရင်းများနှင့် မှတ်တမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ကုမ္ပဏီ၌ ထိန်းသိမ်းထားရန် လိုအပ်ပါသည်။

---

၁ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၁၄၁

၂ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၁၄၃

၆၅။ ဥပဒေအရ ကုမ္ပဏီကထိန်းသိမ်းထားမည့် မှတ်ပုံတင်များနှင့်မှတ်တမ်းများနှင့် ၎င်းတို့တွင် ပါဝင်ဖော်ပြရမည့် အချက်များမှာ -

(က) **ကုမ္ပဏီတွင်ပါဝင်သူများ၏မှတ်ပုံတင်စာရင်း** [၃] တွင်ပါဝင်ဖော်ပြရမည့်အချက်များမှာ-

(၁) ကုမ္ပဏီအစုရှယ်ယာရှင်အားလုံး၏အမည်၊ လိပ်စာနှင့်နိုင်ငံသား။

(၂) အစုရှယ်ယာရှင်အားလုံးပိုင်ဆိုင်သော အစုရှယ်ယာအရေအတွက်နှင့် အစုရှယ်ယာ အမျိုးအစား။

(၃) ပုဂ္ဂိုလ်တစ်ဦးအား အစုရှယ်ယာရှင်တစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းတွင်ရေးသွင်း ဖော်ပြသည့် ရက်စွဲ။

(၄) ပုဂ္ဂိုလ်တစ်ဦးအား အစုရှယ်ယာရှင်အဖြစ်မှ ရပ်စဲသည့်ရက်စွဲ။

(၅) အစုရှယ်ယာရှင်အားလုံး၏ အစုရှယ်ယာများအပေါ် ပေးချေထားသည့် ငွေပမာဏ။

(၆) အစုရှယ်ယာများအတွက် အပြည့်အဝငွေပေးချေထားခြင်း ရှိ၊ မရှိ။

(၇) အစုရှယ်ယာများအတွက် ပေးချေရန်ကျန်ရှိသည့် ငွေပမာဏ ရှိခဲ့လျှင်)။

**မှတ်ချက်။** ကုမ္ပဏီသည် အော့ပ်ရှင်များ၊ ဒီဘင်ချာများ သို့မဟုတ် အခြားသော ငွေချေး သက်သေခံ လက်မှတ်များကို ထုတ်ဝေထားပြီးဖြစ်လျှင် အဆိုပါအော့ပ်ရှင်၊ ဒီဘင်ချာ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ် ရှိသူများအတွက် မှတ်ပုံတင်စာရင်း တစ်ခုကိုလည်း ထိန်းသိမ်း ထားရှိရမည်။

(ခ) **ဒါရိုက်တာများနှင့် အတွင်းရေးမှူးတို့၏မှတ်ပုံတင်စာရင်း** [၄] တွင်ပါဝင်ဖော်ပြရမည့် အချက် များမှာ-

(၁) ဒါရိုက်တာအားလုံး၏အမည်၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ၊ နိုင်ငံသားနှင့်စီးပွားရေး အလုပ်အကိုင်။

(၂) ရယူထားသောအခြားဒါရိုက်တာနေရာများ။

(၃) ဒါရိုက်တာတစ်ဦးဦးက ကြေငြာထားသော အရေးကြီးသော ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျိုး ခံစားခွင့် တစ်ရပ်ရပ်။

(၄) ကုမ္ပဏီကဒါရိုက်တာတစ်ဦးသို့ ပေးအပ်ထားသော(အခကြေးငွေ သို့မဟုတ် ချေးငွေ များ ကဲ့သို့သော) အကျိုးအမြတ်တစ်ခုခု။

၃ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၉၀
၄ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၁၈၉

(၅) ကုမ္ပဏီ အတွင်းရေးမှူး၏အမည်၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ၊ နိုင်ငံသားနှင့် စီးပွားရေး အလုပ်အကိုင်။

(၆) ရယူထားသော အခြားဒါရိုက်တာနေရာများ သို့မဟုတ် အလှည့်ကျဒါရိုက်တာများ (ရှိလျှင်)။

(ဂ) **အစည်းအဝေးမှတ်တမ်းများနှင့်ဆုံးဖြတ်ချက်များ**[၅]

(၁) အစုရှယ်ယာရှင်အစည်းအဝေးအားလုံး၏ မှတ်တမ်းများနှင့် အစည်းအဝေးများတွင် ချမှတ်သည့် ဆုံးဖြတ်ချက်များကို ထိန်းသိမ်းထားရှိရမည်။

(၂) ဒါရိုက်တာ အစည်းအဝေးအားလုံး၏ မှတ်တမ်းများနှင့် အစည်းအဝေးများတွင် ချမှတ်သည့် ဆုံးဖြတ်ချက်များကို ထိန်းသိမ်းထားရှိရမည်။

(၃) ထိုမှတ်တမ်းများနှင့် ဆုံးဖြတ်ချက်များကို အစည်းအဝေးကျင်းပသည့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ၂၁ ရက်အတွင်း မှတ်တမ်းတင်ထားရှိရမည်။

(၄) ထိုမှတ်တမ်းများနှင့် ဆုံးဖြတ်ချက်များအားလုံးကို ဥက္ကဋ္ဌ သို့မဟုတ် အခြားအခွင့်အာဏာ အပ်နှင်းထားသည့် ဒါရိုက်တာက လက်မှတ်ရေးထိုးထားရမည်။

(ဃ) **ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း**[၆]

(၁) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မိတ္တူတစ်စောင်ကို ထိန်းသိမ်းထားရှိရမည်။

(၂) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများသည် ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များအပေါ် ဥပဒေအရစည်းနှောင်မှုရှိသည့်အပြင် အစုရှယ်ယာရှင်များ၏ အထူးဆုံးဖြတ်ချက်ဖြင့်သာ ပြင်ဆင်နိုင်သောအရေးကြီးသည့် ဥပဒေဆိုင်ရာ စာရွက်စာတမ်းများဖြစ်သည်။

(၃) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ချက်အားလုံးသည် ကုမ္ပဏီကထုတ်ပြန် ထားသော ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါဝင်ရမည်။

(င) **ကုမ္ပဏီပစ္စည်းနှင့်သက်ဆိုင်သည့်ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်း အတွက် မှတ်ပုံတင်စာရင်း**[၇]

(၁) ကုမ္ပဏီသည် ကုမ္ပဏီ၏ ပစ္စည်းအပေါ် ပြုလုပ်ထားသော ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းရှိလျှင် ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန် တင်ရှိခြင်းနှင့် သက်ဆိုင်သည့် ကုမ္ပဏီ မှတ်ပုံတင်စာရင်းတစ်ခုကို ထိန်းသိမ်းထားရမည်။

---

၅ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၁၅၇
၆ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၃
၇ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၁၆၇

(၂) ပါဝင်ဖော်ပြရမည့် အချက်များ-

(ကက) ပေါင်နှံထားသော သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်း ပြုလုပ်သည့် ပစ္စည်း၏ အသေးစိတ်အချက်အလက်များ။

(ခခ) ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်ထားသည့်ငွေ ပမာဏ။

(ဂဂ) အပေါင်ခံသူများ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းကို ရရှိသူများ၏ အမည်များ။

**မှတ်ချက်။** ကုမ္ပဏီအားလုံးသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ကုမ္ပဏီ၏ မှတ်ပုံတင်နှင့် မှတ်တမ်းများကို ထိန်းသိမ်းထားရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ကုမ္ပဏီ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများနှင့် အခြား အသေးစိတ် အချက်အလက်များအား ထိန်းသိမ်းထားခြင်းကို ကုမ္ပဏီတစ်ခုက ၎င်းအတွက် ထိန်းသိမ်းထားရန်လိုအပ်သည့် ၎င်း၏ကိုယ်ပိုင်မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများ နှင့် အစားထိုးရန်မဟုတ်ပါ။ ကုမ္ပဏီသည် ဥပဒေအရ လိုအပ်သော မှတ်ပုံတင်စာရင်း များကို ထိန်းသိမ်းရန် ပျက်ကွက်ခဲ့လျှင် ဒဏ်ကြေးငွေ ပေးဆောင်ရမည်။

၆၆။ ကုမ္ပဏီမှတ်ပုံတင်စာရင်းကို မှတ်ပုံတင်ထားသော ရုံးခန်း သို့မဟုတ် ကုမ္ပဏီ၏ စီးပွားရေး လုပ်ငန်းများကို အဓိကလုပ်ဆောင်သည့်နေရာ သို့မဟုတ် ကုမ္ပဏီ၏မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်း ရန် ခန့်အပ်ထားသော ပုဂ္ဂိုလ်၏ရုံးခန်းတွင် ထိန်းသိမ်းထားရှိရမည်။[၈]

## နှစ်တိုင်းနှစ်စဉ် အစီရင်ခံစာတင်ပြခြင်း

၆၇။ နှစ်စဉ်အစီရင်ခံစာတစ်စောင်ကို ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့်နေ့မှ နှစ်လအတွင်းနှင့် တစ်နှစ်လျှင်တစ်ကြိမ် (ကုမ္ပဏီအားဖွဲ့စည်းတည်ထောင်သည့် နှစ်ပတ်လည်ကာလ ကုန်ဆုံးပြီးနောက် တစ်နေ့မှ တစ်လထက်နောက်မကျစေဘဲ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရမည်။[၉]

၆၈။ နှစ်စဉ်အစီရင်ခံစာတင်ပြရန် အချိန်စေ့ရောက်သည့်အခါ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အီလက်ထရောနစ်နည်းပညာဖြင့် သတိပေးအကြောင်းကြားစာကို ပေးပို့မည် ဖြစ်သည်။

---

၈ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၉၅

၉ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၉၇

၆၉။ နှစ်စဉ်အစီရင်ခံစာတင်ပြရန် အချိန်စေ့ရောက်သည့်နေ့ရက်တွင် နှစ်စဉ်အစီရင်ခံစာကို မတင်ပြလျှင် ကုမ္ပဏီအား မှတ်ပုံတင်ခြင်းကို ဆိုင်းငံထားနိုင်သည့်အပြင် ဆိုင်းငံထားသည့် ကာလ ခြောက်လထက်ကျော်လွန်ပါက ကုမ္ပဏီအမည်ကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ မှတ်ပုံတင်စာရင်းမှပယ်ဖျက်နိုင်သည်။[၁၀]

**အထွေထွေအစည်းအဝေးများကျင်းပခြင်း**

၇၀။ (က) **အစုရှယ်ယာရှင်များ၏နှစ်ပတ်လည်အထွေထွေအစည်းအဝေး(Annual General Meeting-AGM)** ။ "အသေးစားကုမ္ပဏီ" တစ်ခုအနေဖြင့် ဆောင်ရွက်ခြင်း မရှိသော ကုမ္ပဏီ အားလုံးသည် အစု ရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေအစည်းအဝေး (AGM) တစ်ရပ်ကို တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပရမည်။[၁၁]

(ခ) ပထမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး (AGM) ကို ကုမ္ပဏီအားဖွဲ့စည်းတည်ထောင်သည့်နေ့မှ ၁၈ လ အတွင်း ကျင်းပရမည်။

(ဂ) ပထမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပပြီးနောက်ပိုင်း ကုမ္ပဏီသည် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး (AGM) တစ်ရပ်ကို ပြက္ခဒိန်နှစ် တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်၊ နောက်ဆုံးအကြိမ် ခေါ်ယူကျင်းပခဲ့သည့် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးမှ ၁၅ လ ထက်မပိုသည့်ကာလအတွင်း ကျင်းပရမည်။

(ဃ) နှစ်ပတ်လည်အထွေထွေအစည်းအဝေး (AGM) တွင် ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များမှာ-

(၁) ဒါရိုက်တာများရွေးချယ်ခြင်း။

(၂) နှစ်စဉ်ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာ။

(၃) ဒါရိုက်တာများ၏အစီရင်ခံစာ။

(၄) စာရင်းစစ်အစီရင်ခံစာများ။ (ကုမ္ပဏီသည် အဆိုပါအစီရင်ခံစာများအပေါ် ပြုစုရန်လိုအပ်သည့်အခါ)

(၅) စာရင်းစစ်ခန့်အပ်ခြင်း။

---

၁၀ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၄၃၀
၁၁ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၁၄၆

(င) **အထူးကျင်းပသည့်အထွေထွေအစည်းအဝေး။** ကုမ္ပဏီသည် ကုမ္ပဏီ၏အမည် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြောင်းလဲခြင်းကဲ့သို့သော အချို့သောကိစ္စရပ်များကို ဆုံးဖြတ်ရန် အခြားအစုရှယ်ယာရှင်များအစည်းအဝေး ("အထူးကျင်းပသည့် အထွေထွေ အစည်းအဝေး") များကို ကျင်းပနိုင်ပါသည်။

(စ) **ဥပဒေအရလိုက်နာကျင်းပရသည့်ကုမ္ပဏီအစည်းအဝေး**

(၁) အများနှင့်သက်ဆိုင်သောကုမ္ပဏီအားလုံးနှင့် ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသော အစုရှယ်ယာမတည်ငွေရင်းရှိသော ကုမ္ပဏီအားလုံးသည် ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်သည့်နေ့မှစ၍ ၂၈ ရက် အောက် မနည်း ခြောက်လထက် မများသော ကာလအတွင်း "ဥပဒေအရ လိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေး"[၁၂] ဟု ခေါ်သောအစုရှယ်ယာရှင်များအထွေထွေအစည်းအဝေးတစ်ရပ်ကိုကျင်းပရပါသည်။

(၂) ဥပဒေအရလိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေးတွင် ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာတစ်စောင်ကို တင်ပြရမည်။ ဥပဒေအရလိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေး မတိုင်မီ အနည်းဆုံး ၂၁ ရက် ကြိုတင်၍ ထို ဥပဒေအရပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာကို အစု ရှယ်ယာရှင် အားလုံးသို့ ပေးပို့ထားရမည်။ ထိုသို့ပေးပို့နိုင်ရန် ဥပဒေအရ ပြုစုဆောင်ရွက်ရမည့် အစီရင်ခံစာကို ကြိုတင်ပြင်ဆင်ထားရမည်။

**ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများနှင့်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း**

၇၁။ ကုမ္ပဏီများအားလုံးသည် ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများနှင့် စာရင်းများကို ထိန်းသိမ်းထားရမည်။ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများနှင့် စာရင်းများကိုမှန်မှန်ကန်ကန်ဖြင့် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ရေးသွင်းထားရမည်။ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများတွင် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေနှင့် ဆောင်ရွက်ချက်တို့ကို တင်ပြရမည်။

---

၁၂ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၁၄၈

၇၂။ ဥပဒေအရ လိုအပ်ပါက စာရင်းစစ် စစ်ဆေးနိုင်ရန် ဘဏ္ဍာရေးဆိုင်ရာရှင်းလင်းချက်များကို ပြုစုထားရှိပြီး ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို တိကျစွာ ထိန်းသိမ်းထား ရှိရမည်။ ဘဏ္ဍာရေး ဆိုင်ရာမှတ်တမ်းများနှင့် စာရင်းများတွင် ပါဝင်သည်များမှာ [၃၃] -

(က) ကုမ္ပဏီကလက်ခံရရှိသော သို့မဟုတ် သုံးစွဲခဲ့သော ငွေကြေးစုစုပေါင်း မှတ်တမ်းများ။

(ခ) ကုမ္ပဏီက လက်ခံရရှိသော သို့မဟုတ် ကုမ္ပဏီက သုံးစွဲကုန်ကျခဲ့သော ငွေကြေးနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ။

(ဂ) ကုမ္ပဏီက ကုန်ပစ္စည်း ရောင်းချခဲ့ခြင်းများ သို့မဟုတ် ကုန်ပစ္စည်းဝယ်ယူခြင်းများ။

(ဃ) ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များနှင့်ပေးရန်တာဝန်ရှိမှုများ။

၇၃။ ကုမ္ပဏီကထိန်းသိမ်းထားရမည့် အခြားဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများမှာ ဘဏ်ရှင်းတမ်းများ၊ ပေးချေရန်ငွေတောင်းခံလွှာများ၊ ငွေရပြေစာများ၊ ငွေသားအဝင်အထွက်မှတ်တမ်း၊ ဝန်ထမ်းများအတွက်ပေးချေရန်များ (လုပ်အားခများနှင့် လူမှုဖူလုံရေး ပေးသွင်းငွေများ)၊ ပစ္စည်းစာရင်း၊ အခွန်အခမှတ်တမ်းများနှင့် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ပြုစုနိုင်ရန်အတွက် လိုအပ်သော အခြားစာရွက်စာတမ်းများဖြစ်သည်။

၇၄။ ကုမ္ပဏီ၏ထိန်းသိမ်းရမည့်ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများ၊ စာရင်းများနှင့်အခြားဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ကုမ္ပဏီကမှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် ဒါရိုက်တာများက သင့်တော်သည်ဟု ယူဆသော အခြားနေရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာများအားလုံး စစ်ဆေးကြည့်ရှုနိုင်စေရန် ဆောင်ရွက်ထားရှိရမည်။

### စာရင်းစစ်ဆေးထားသောဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းပြုစုခြင်း (လိုအပ်ပါက)

၇၅။ "အသေးစားကုမ္ပဏီ" တစ်ခုအနေဖြင့် ဆောင်ရွက်ခြင်း မရှိသော ကုမ္ပဏီအားလုံးသည် ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့်နေ့မှ ၁၈ လ အတွင်းနှင့် တစ်နှစ်လျှင်တစ်ကြိမ် အစုရှယ်ယာရှင်များ အထွေထွေအစည်းအဝေးတစ်ရပ်တွင် ကုမ္ပဏီ၏စာရင်းစစ်က စာရင်းစစ်ဆေးထားသော လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်း အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကိုပြုစုတင်ပြရမည်။[၃၄] ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများနှင့်အတူ စာရင်းစစ်အစီရင်ခံစာမိတ္တူတစ်စောင်တို့ပါရမည်။

---

၁၃ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၅၈
၁၄ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၆၀

၇၆။ ကုမ္ပဏီဒါရိုက်တာများသည် ၎င်းတို့က ထောက်ခံတင်ပြသည့်အတိုင်း အမြတ်ဝေစုခွဲဝေရန် ငွေပမာဏ အပါအဝင် ကုမ္ပဏီ၏လုပ်ငန်းကိစ္စများဆိုင်ရာ အစီရင်ခံစာတစ်စောင် ("ဒါရိုက်တာများ အစီရင်ခံစာ" ဟုခေါ်သော) ပြင်ဆင်၍ ပူးတွဲတင်ပြရမည်။[၁၅]

၇၇။ ပြင်ဆင်ပြုစုထားသော ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများသည် သက်ဆိုင်သော စာရင်းကိုင် စံနှုန်းများနှင့် သက်ဆိုင်ရာဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၇၈။ အများနှင့်သက်ဆိုင်သောကုမ္ပဏီအားလုံးသည် ၎င်းတို့၏ အထွေထွေအစည်းအဝေးတွင် တင်ပြခဲ့သည့်အတိုင်း ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ မိတ္တူတစ်စောင်ကို ၎င်း၏နှစ်စဉ်အစီရင်ခံစာနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရန် လိုအပ်ပါသည်။[၁၆]

**ကုမ္ပဏီ၏ အသေးစိတ်အချက်အလက်များ ပြောင်းလဲခြင်းများကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြခြင်း**

၇၉။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် MyCO အီလက်ထရောနစ် ကုမ္ပဏီ မှတ်ပုံတင်စနစ် (အီလက်ထရောနစ်နည်းပညာဖြင့် ကုမ္ပဏီများမှတ်ပုံတင်စနစ်တစ်ရပ်) ကိုထိန်းသိမ်း ထားပါသည်။ ထိုစနစ်တွင် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ တင်ပြရန် လိုအပ်သော ကုမ္ပဏီ များ၏ အသေးစိတ်အချက်အလက်များ အားလုံးပါဝင်ပါသည်။

၈၀။ ကုမ္ပဏီအားလုံးသည် ကုမ္ပဏီ၏အသေးစိတ်အချက်အလက်များ ပြောင်းလဲပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားရန်နှင့် ကုမ္ပဏီ၏ တိကျသော အသေးစိတ် အချက်အလက်များကို MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် သေချာစွာပေးပို့ထားရန် လိုအပ်ပါသည်။ ကုမ္ပဏီတစ်ခုသည် အောက်ပါအခြေအနေများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားရမည်-

(က) လိပ်စာသစ်သို့ ပြောင်းရွှေ့လျှင်။

(ခ) ဒါရိုက်တာတစ်ဦး နုတ်ထွက်လျှင်၊ အငြိမ်းစားယူလျှင် သို့မဟုတ်။

(ဂ) ဒါရိုက်တာအသစ်တစ်ဦး သို့မဟုတ် အတွင်းရေးမှူးတစ်ဦး ကုမ္ပဏီသို့ ရောက်ရှိလျှင် သို့မဟုတ်။

(ဃ) ကုမ္ပဏီသည် အစုရှယ်ယာသစ်များ ထုတ်ဝေလျှင်။

---

၁၅ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၆၁

၁၆ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၂၆၆

၈၁။ ကုမ္ပဏီ၏ သာမန်ပြောင်းလဲမှုအမျိုးအစားများကို ဤလမ်းညွှန်၏ အခန်း ၆ တွင် လည်းကောင်း၊ ထိုသို့ ပြောင်းလဲမှုများကိုအကြောင်းကြားရာတွင် အသုံးပြုနိုင်သော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ်ဆိုင်ရာ သတင်းအချက်အလက်များကို ဤလမ်းညွှန် ၏ အခန်း ၈ တွင်လည်းကောင်း လေ့လာကြည့်ရှုရန်ဖြစ်သည်။

# အခန်း (၆)

## ကုမ္ပဏီ၏အသေးစိတ်အချက်အလက်များ ပြောင်းလဲခြင်းကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားတင်ပြခြင်း

၈၂။ ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီ၏ အောက်ဖော်ပြပါပြောင်းလဲခြင်းများအပါအဝင် အရေးကြီးသည့် အသေးစိတ် အချက်အလက်များ ပြောင်းလဲခြင်း ဖြစ်ပေါ်လာလျှင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြား တင်ပြရမည်-

(က) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသည့် ရုံးခန်းလိပ်စာ သို့မဟုတ် စီးပွားရေးလုပ်ငန်း အဓိက လုပ်ဆောင်သည့်လိပ်စာ။

(ခ) ကုမ္ပဏီ၏ ဒါရိုက်တာများ၊ အတွင်းရေးမှူး သို့မဟုတ် အလှည့်ကျဒါရိုက်တာများ၏ အသေးစိတ်အချက်အလက်များ။

(ဂ) ကုမ္ပဏီ အစုရှယ်ယာရှင်များ၏ အသေးစိတ်အချက်အလက်များ။

(ဃ) ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းနှင့်။

(င) ကုမ္ပဏီ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း။

၈၃။ ကုမ္ပဏီ၏ ပြောင်းလဲမှုများကိုရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ သတ်မှတ်ထားသည့်ပုံစံများကိုအသုံးပြု၍ အကြောင်းကြားတင်ပြရမည်။ ထိုသတ်မှတ်ထားသည့် ပုံစံများကို MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် ရရှိနိုင်ပါသည်။ ကုမ္ပဏီသည် စာရွက်စာတမ်းများ တင်သွင်းသည့်အခါ ပေးသွင်းရမည့် သတ်မှတ်အခကြေးငွေ တစ်ခုခုကို ပေးဆောင်ရမည်။ ကုမ္ပဏီသည် ဥပဒေအရ သတ်မှတ်ထားသည့် အချိန်အတွင်းစာရွက်စာတမ်းများ တင်သွင်းရန်ပျက်ကွက်လျှင် နောက်ကျကြေးကိုလည်း ပေးဆောင်ရမည်။

### ဒါရိုက်တာပြောင်းလဲခြင်းများ

၈၄။ ဒါရိုက်တာ အသစ်ခန့်အပ်ခြင်း သို့မဟုတ် ဒါရိုက်တာတစ်ဦး နုတ်ထွက်ခြင်းကဲ့သို့သော ကုမ္ပဏီတစ်ခုတွင် ဒါရိုက်တာများပြောင်းလဲခြင်း တစ်ရပ်ရပ်ကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ အသိပေးအကြောင်းကြားရမည်။ ထို့အပြင် ဒါရိုက်တာ၏ အမြဲတမ်း နေရပ်လိပ်စာပြောင်းလဲခြင်းကဲ့သို့သော လက်ရှိဒါရိုက်တာ၏ အသေးစိတ်အချက်အလက်များ ပြောင်းလဲခြင်း တစ်ရပ်ရပ် ဖြစ်ပေါ်လာပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြား တင်ပြရမည်။

၈၅။ ကုမ္ပဏီသည် ကုမ္ပဏီ၏အတွင်းရေးမှူး ပြောင်းလဲခြင်း တစ်ရပ်ရပ်ဖြစ်ပါက သို့မဟုတ် အလုပ်အမှုဆောင် ဒါရိုက်တာ တစ်ဦးဦးခန့်အပ်ခြင်း (သို့မဟုတ် ဖယ်ရှားခြင်း) ရှိလျှင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားတင်ပြရမည်။

| | |
|---|---|
| **မှတ်ချက်။** | ဤပြောင်းလဲမှုများကို ပြောင်းလဲသည့်နေ့မှ ၂၈ ရက် အတွင်း **ဒါရိုက်တာများနှင့် အတွင်းရေးမှူးတို့၏ အချက်အလက်များကို ပုံစံဃ-၁** ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့အကြောင်းကြားတင်ပြရမည်။ |

**အစုရှယ်ယာရှင်များပြောင်းလဲခြင်းများ**

၈၆။ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာရှင်များ၊ ၎င်းတို့၏ အသေးစိတ်အချက်အလက်များ သို့မဟုတ် ပိုင်ဆိုင်သည့်အစုရှယ်ယာပြောင်းလဲခြင်းတစ်ရပ်ရပ်ကို ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ အသိပေး အကြောင်းကြားရမည်။

ဥပမာ- အစုရှယ်ယာရှင်တစ်ဦးသည် ၎င်း၏အစုရှယ်ယာများကို အခြားသူတစ်ဦးသို့ လွှဲပြောင်းပေးလျှင်၊ အစုရှယ်ယာများပိုမိုဝယ်ယူခြင်း သို့မဟုတ် အစုရှယ်ယာအပေါ် ပေးချေရသည့် ငွေပမာဏ တိုးမြှင့်လျှင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ အသိပေး အကြောင်းကြားရမည်။ ကုမ္ပဏီမှ အစုရှယ်ယာများ ပိုမိုထုတ်ဝေခြင်း သို့မဟုတ် အစုရှယ်ယာများပယ်ဖျက်ခြင်းမှ အစုရှယ်ယာရှင်များနှင့် အစုရှယ်ယာပိုင်ဆိုင်မှု အသေးစိတ်အချက်အလက်များပြောင်းလဲခြင်းဖြစ်ပေါ်လျှင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ အသိပေး အကြောင်းကြားရမည်။

၈၇။ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီသည် ၎င်း၏ရှယ်ယာအများဆုံးပိုင်ဆိုင်သည့် အစုရှယ်ယာရှင် ၅၀ ဦးအနက်မှ ပြောင်းလဲခြင်းရှိမှသာလျှင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ အသိပေး အကြောင်းကြားရမည်။

| | |
|---|---|
| **မှတ်ချက်။** | ဤပြောင်းလဲမှုများကိုပြောင်းလဲသည့်နေ့မှ ၂၁ ရက် အတွင်း **အစုရှယ်ယာ မတည် ငွေရင်း သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ၏မှတ်ပုံတင်စာရင်းပြောင်းလဲခြင်း ပုံစံဂ- ၃** ဖြင့် အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားတင်ပြရမည်။ |

## အစုရှယ်ယာမတည်ငွေရင်းပြောင်းလဲခြင်းများ

၈၈။ ကုမ္ပဏီတစ်ခုသည် အစုရှယ်ယာသစ်များ ထုတ်ဝေသည့်အခါ သို့မဟုတ် မတည်ငွေရင်း လျှော့ချခြင်း၊ အစုရှယ်ယာများပြန်လည်ဝယ်ယူခြင်း သို့မဟုတ် အစုရှယ်ယာများပေါင်းစည်းခြင်း ကဲ့သို့သော အစုရှယ်ယာမတည်ငွေရင်းနှင့်စပ်လျဉ်း၍ အခြားသောပြောင်းလဲမှုများ ပြုလုပ်သည့်အခါ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားတင်ပြရမည်။

၈၉။ အစုရှယ်ယာ မတည်ငွေရင်းနှင့်စပ်လျဉ်း၍ ပြောင်းလဲမှုများပြုလုပ်သည့်အခါ ကုမ္ပဏီက လိုက်နာဆောင်ရွက်ရမည့် သီးခြားလုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ တွင် သတ်မှတ်ဖော်ပြထားသည်။ မတည်ငွေရင်းလျှော့ချခြင်းကဲ့သို့သော အစုရှယ်ယာ မတည်ငွေရင်း အချို့သောပြောင်းလဲမှုများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ အခြား စာရွက်စာတမ်းများ တင်ပြရန်လိုအပ်ပါသည်။

> **မှတ်ချက်။** ဤပြောင်းလဲမှုများကိုပြောင်းလဲသည့်နေ့မှ ၂၁ ရက်အတွင်း **အစုရှယ်ယာမတည်ငွေရင်း သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ၏မှတ်ပုံတင်စာရင်းပြောင်းလဲခြင်း ပုံစံဂ- ၃** ဖြင့် ရင်းနှီးမြှုပ်နှံမှု နှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့အကြောင်းကြားတင်ပြရမည်။

## ကုမ္ပဏီ၏အမည်ပြောင်းလဲခြင်း

၉၀။ ကုမ္ပဏီတစ်ခုသည် အစုရှယ်ယာရှင်များ၏ အထူးဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ခြင်းဖြင့် ကုမ္ပဏီ အမည်ကိုပြောင်းလဲနိုင်သော်လည်း အမည်သစ်သည် မှတ်ပုံတင်ရန် လက်ခံဆောင်ရွက်ပေးနိုင်သည့် အမည်ဖြစ်ရမည်။ ကုမ္ပဏီ၏အမည်သစ်ပြောင်းလဲခြင်းကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြားတင်ပြရမည်။

၉၁။ အမည်သစ်သည် အခြားမှတ်ပုံတင်ထားသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏အမည်နှင့် ဆင်တူသောအမည်မဟုတ်လျှင် သို့မဟုတ် မှတ်ပုံတင်ရန်လက်မခံနိုင်သောအမည် မဟုတ်လျှင် အမည်သစ်ကို ဆောင်ရွက်နိုင်ပါသည်။ အကယ်၍နိုင်ငံတော်အစိုးရ သို့မဟုတ် အခြားကန့်သတ် ထားသည့် စကားရပ်များပါဝင်လျှင် သို့မဟုတ် နိုင်ငံတော်အစိုးရနှင့် ဆက်နွယ်သည်ဟု လွဲမှားစွာ ယူဆနိုင်သောအမည်ဖြစ်လျှင် သို့မဟုတ် အများပြည်သူနားလည်မှုလွဲမှားနိုင်သော အမည်ဖြစ်လျှင် အဆိုပါ အမည်ကိုလက်ခံမည်မဟုတ်ပါ။

၉၂။ အဆိုပါအမည်ကို လက်ခံဆောင်ရွက်နိုင်လျှင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ကုမ္ပဏီ၏အမည်ကို MyCO မှတ်ပုံတင်စနစ်တွင် ပြောင်းလဲပေးမည်ဖြစ်ပြီး ကုမ္ပဏီ အမည်သစ်ဖြင့် မှတ်ပုံတင်သက်သေခံလက်မှတ်ကို ထုတ်ပေးမည်ဖြစ်သည်။ အဆိုပါ လက်မှတ်ထုတ် ပေးသည့်နေ့မှစ၍ အမည်သစ်ပြောင်းလဲခြင်းသည် ဥပဒေနှင့်အညီ အတည်ဖြစ်သည်။ အဆိုပြုတင်ပြ ထားသော အမည်သစ်သည် လက်ခံဆောင်ရွက်နိုင်ခြင်းမရှိပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ကုမ္ပဏီကိုအကြောင်းကြားမည်ဖြစ်ပြီး အခြားအမည်ကို သဘောတူခွင့်ပြုရန် လိုအပ်ပါမည်။

| | |
|---|---|
| **မှတ်ချက်။** | ဤပြောင်းလဲမှုများကိုပြောင်းလဲသည့်နေ့မှ ၂၈ ရက် အတွင်း **ကုမ္ပဏီအမည် ပြောင်းလဲခြင်း ပုံစံဂ- ၂** ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြား တင်ပြရမည်။ |

## ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြောင်းလဲခြင်းများ

၉၃။ ကုမ္ပဏီတစ်ခုသည် အစုရှယ်ယာရှင်များ၏ အထူးဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခြင်းဖြင့် ၎င်း၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်နိုင်သည် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အသစ် တစ်ရပ်ကို သဘောတူလက်ခံနိုင်သည်။

၉၄။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပြောင်းလဲခြင်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားတင်ပြရမည်ဖြစ်ပြီး ပြင်ဆင်ထားသော ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း မိတ္တူတစ်စောင် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ် မိတ္တူတစ်စောင်ကို ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ တင်ပြရမည်။ ကုမ္ပဏီ၏ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပြင်ဆင်ချက်သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ မှတ်ပုံမတင်သေးသမျှ ဥပဒေအရ အကျိုးသက်ရောက်ခြင်းမရှိပေ။

| | |
|---|---|
| **မှတ်ချက်။** | ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြောင်းလဲခြင်းကို အထူးဆုံးဖြတ်ချက်ချမှတ် သည့်နေ့မှ ၂၈ ရက် အတွင်း**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြောင်းလဲပြင်ဆင်ခြင်း ပုံစံဂ- ၁** ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားတင်ပြ ရမည်။ |

**မှတ်ပုံတင်ထားသောကုမ္ပဏီရုံးခန်း (သို့မဟုတ် စီးပွားရေးလုပ်ငန်းအဓိကလုပ်ဆောင်သည့် လိပ်စာ) ပြောင်းလဲခြင်း**

၉၅။ ကုမ္ပဏီတစ်ခုသည် မှတ်ပုံတင်ထားသောရုံးခန်းနေရာ လိပ်စာပြောင်းလဲလျှင် ထိုသို့လိပ်စာမပြောင်းလဲမီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ အကြောင်းကြားတင်ပြရမည်။ ကုမ္ပဏီသည် MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် ဖော်ပြထားသည့် လိပ်စာအတိုင်း ပြောင်းရွှေ့မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားစာတွင် ဥပဒေအရ ဖော်ပြရန် လိုအပ်ပါသည်။

၉၆။ ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းအဓိကလုပ်ဆောင်သည့် လိပ်စာပြောင်းလဲခြင်း တစ်ရပ်ရပ်ဖြစ်ပေါ်လျှင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြား တင်ပြရမည်။

**မှတ်ချက်။** ကုမ္ပဏီ၏မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းအဓိက လုပ်ဆောင်သည့် လိပ်စာပြောင်းလဲခြင်းကို **မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းကို အဓိကလုပ်ဆောင်သည့် လိပ်စာပြောင်းလဲပြင်ဆင်ခြင်းဆိုင်ရာ အကြောင်းကြား စာ ပုံစံ၈-၄** ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြားတင်ပြရမည်။

## အခန်း (၇)

## ကုမ္ပဏီတစ်ခုအားဖျက်သိမ်းခြင်း

၉၇။ ကုမ္ပဏီတစ်ခုသည် ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းဖြင့်ရပ်စဲနိုင်သည်။ ၎င်းကို စာရင်းရှင်းလင်းဖျက်သိမ်းသည်ဟု သိနားလည်ကြသည်။ ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတစ်ဦးကို ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များကိုရောင်းချရန် ခန့်အပ်ပါသည်။ ထို့နောက် ရောင်းချခြင်းမှ ရရှိသောငွေများကို ကုမ္ပဏီ၏မြီရှင်များအကြား ခွဲဝေပေးပြီး ကျန်ရှိသော ရရန်ပိုင်ခွင့် အရပ်ရပ်ကို ကုမ္ပဏီတွင်ပါဝင်သူများသို့ ပြန်လည်ပေးချေပါသည်။

၉၈။ ကုမ္ပဏီဖျက်သိမ်းခြင်း အဓိက အမျိုးအစား၂ မျိုးရှိသည်-

(က) **ဆန္ဒအလျောက်ဖျက်သိမ်းခြင်း၊** ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း သို့မဟုတ် မြီရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ဖြစ်နိုင်ပါသည်၊ သို့မဟုတ်။

(ခ) **စည်းမျဉ်းအရဖျက်သိမ်းခြင်း၊** လူမွဲဖြစ်သည့် အကြောင်းများ သို့မဟုတ် အခြား အကြောင်းအရာများကြောင့် ဖျက်သိမ်းခြင်း။

၉၉။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ တွင် ကုမ္ပဏီများဖျက်သိမ်းရန် သီးခြားလုပ်ထုံး လုပ်နည်းကို သတ်မှတ်ဖော်ပြထားပါသည်။ ကုမ္ပဏီသည်ဖျက်သိမ်းရန် အကူအညီလိုအပ်လျှင် အတတ် ပညာ ကျွမ်းကျင်မှုဆိုင်ရာ အကြံပြုချက်ကိုရှာဖွေရယူပါ။

### ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၁၀၀။ ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ဆန္ဒအလျောက် သို့မဟုတ် မြီရှင်များ၏ဆန္ဒ အလျောက် ဖျက်သိမ်းနိုင်ပါသည်။ အထွေထွေ အစည်းအဝေးတွင် ကုမ္ပဏီတွင်ပါဝင်သူများက အထူးဆုံးဖြတ်ချက် တစ်ရပ်ချမှတ်ခြင်းဖြင့် အောက်ဖော်ပြပါ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း နှစ်မျိုးလုံး တွင် စတင်ဆောင်ရွက်ရန်လိုအပ်ပါသည်-

(က) **ကုမ္ပဏီတွင်ပါဝင်သူများ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

(၁) ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင် ကြွေးမြီပေးဆပ် နိုင်သည့် အခြေအနေရှိသော ကုမ္ပဏီတစ်ခု၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပါဝင်ပါသည်။

(၂) ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်း ရပ်တန့်သွားသည့်အခါ ထိုစာရင်း ရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်စတင်ပြီး ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် အထူးဆုံးဖြတ်ချက်အားအတည်ပြုနိုင်ရန် ကုမ္ပဏီတွင် ပါဝင်

သူများ၏ အထွေထွေအစည်းအဝေးတစ်ရပ် ကျင်းပပါသည်။ အဆိုပါအစည်းအဝေး မကျင်းပမီ ကုမ္ပဏီ၏ ဒါရိုက်တာများက ကုမ္ပဏီ၏ လုပ်ငန်း ကိစ္စအဝဝကို အပြည့်အဝ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးကြောင်းနှင့် စတင်ဖျက်သိမ်းချိန်မှ သုံးနှစ်အတွင်း ကုမ္ပဏီ၏ကြွေးမြီများကို ပေးချေနိုင်မည်ဟု ထင်မြင်ကြောင်း ကျမ်းကျိန်ချက်တစ်စောင်ဖြင့် ကြေညာရမည်။ ဒါရိုက်တာများ၏ ကြေညာချက်သည် စာရင်းစစ်အရာရှိ၏ အစီရင်ခံစာဖြင့် ထောက်ခံပြီး အထွေထွေအစည်းအဝေး အတွက် အကြောင်းကြားစာကို ကုမ္ပဏီတွင် ပါဝင်သူများထံ မပေးပို့မီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရမည်။

(၃) ထို့နောက် ကုမ္ပဏီတွင်ပါဝင်သူများက ဆန္ဒအလျောက် ကုမ္ပဏီကိုဖျက်သိမ်းရန် အထွေထွေ အစည်းအဝေးတွင် အထူးဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရမည်။ ကုမ္ပဏီသည် ဆန္ဒအလျောက် ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပြီးကြောင်း အကြောင်းကြားစာတစ်စောင်ကို ဆုံးဖြတ်ချက်ချမှတ်ပြီး ၁၀ ရက် အတွင်း မြန်မာနိုင်ငံပြန်တမ်းနှင့် နိုင်ငံပိုင်သတင်းစာ တစ်စောင်တွင် ထုတ်ပြန်ကြေငြာရမည်။

(၄) ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များကို ဖျက်သိမ်းရန် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိ တစ်ဦးကို ခန့်အပ်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ အကြောင်းကြားစာ တစ်စောင်တင်ပြရမည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးကို ခန့်အပ်လိုက်သည်နှင့် တစ်ပြိုင်နက် ဒါရိုက်တာများသည် ကုမ္ပဏီကို စီမံ ဆောင်ရွက်ရန် မည်သည့်အခွင့်အာဏာမျှ ရှိမည်မဟုတ်တော့ပါ။

## (ခ) မြီရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

(၁) ကုမ္ပဏီသည် ၎င်း၏တာဝန်များကို ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိကြောင်းနှင့် ဖျက်သိမ်းသင့်ကြောင်း ကုမ္ပဏီ၏ဒါရိုက်တာများက ယုံကြည်လျှင် ကုမ္ပဏီအား မြီရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းနည်းအားဖြင့် ကုမ္ပဏီကိုဖျက်သိမ်းနိုင်သည်။ မြီရှင်များ၏ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်းနှင့် မတူညီဘဲ လူမွဲဖြစ်သည့် ကုမ္ပဏီတစ်ခု၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဖြစ်ပါသည်။

(၂) ကုမ္ပဏီတစ်ခုသည် လူမွဲဖြစ်သည့်အခါ ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းရန် အထွေထွေအစည်းအဝေးတွင် အထူးဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရမည်။ မြီရှင်များ၏ အစည်းအဝေးတစ်ရပ်ကိုလည်း အဆိုပါနေ့တွင်

သို့မဟုတ် နောက်တစ်ရက်တွင် ခေါ်ယူကျင်းပရမည်။ မြီရှင်များ၏ အစည်းအဝေး အကြောင်းကြားစာကို မြန်မာနိုင်ငံပြန်တမ်းနှင့် နိုင်ငံပိုင်သတင်းစာ တစ်စောင်တွင် ထုတ်ပြန်ကြေငြာရမည်။ ဒါရိုက်တာများသည် မြီရှင်များအစည်းအဝေးတွင် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စရပ်များကို ကုမ္ပဏီများ၏မြီရှင်များ စာရင်းတစ်စုံ၊ ၎င်းတို့ တောင်းဆိုသည့် ခန့်မှန်းခြေငွေ ပမာဏတို့နှင့်အတူ အစီရင်ခံရမည်။

(၃) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရန် ကုမ္ပဏီတွင်ပါဝင်သူများက အထူး ဆုံးဖြတ်ချက် တစ်ရပ် ချမှတ်ခဲ့လျှင် ကုမ္ပဏီသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ၁၀ ရက် အတွင်း မြန်မာနိုင်ငံ ပြန်တမ်းနှင့် နိုင်ငံပိုင်သတင်းစာတစ်စောင်တို့တွင် ထုတ်ပြန်ကြေငြာရမည်။

(၄) ထို့နောက်ကုမ္ပဏီ၏ ကိစ္စရပ်များကိုဖျက်သိမ်းရန် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦး ခန့်အပ်ပြီး မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၂၀၁၇ နှင့်အညီ ရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ လိုအပ်သည့် အကြောင်းကြား စာများနှင့်အတူ တင်ပြရမည်။

**စည်းမျဉ်းအရဖျက်သိမ်းခြင်း**

၁၀၁။ အချို့သောအခြေအနေများအရ တရားရုံး၏အမိန့်ဖြင့် ကုမ္ပဏီကို ဖျက်သိမ်းနိုင်ပါသည်။ တရားရုံး၏အမိန့်အရ ကုမ္ပဏီဖျက်သိမ်းနိုင်သော သာမန်အကြောင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်-

(က) ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်သည့် အချိန်မှစ၍ တစ်နှစ်အတွင်း ယင်း၏ စီးပွားရေး လုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ခြင်းမရှိလျှင် သို့မဟုတ် ထိုကာလ တစ်နှစ်လုံး အတွက် ယင်း၏စီးပွားရေးလုပ်ငန်းများကို ဆိုင်းငံ့ထားလျှင်။

(ခ) ကုမ္ပဏီကိုလူမဲ့ဟုမှတ်ယူနိုင်လျှင်နှင့် ၎င်း၏ကြွေးမြီများကို ပေးချေခြင်းမပြုနိုင်ခဲ့လျှင်။

(ဂ) ကုမ္ပဏီသည် အများနှင့်သက်ဆိုင်သောကုမ္ပဏီ တစ်ခုဖြစ်ပြီး ဥပဒေအရ ဆောင်ရွက် ရမည့် အစီရင်ခံစာတင်ပြရန် ပျက်ကွက်လျှင် သို့မဟုတ် ဥပဒေအရ ဆောင်ရွက်ရမည့် အစည်းအဝေးတစ်ရပ်ကို ကျင်းပရန်ပျက်ကွက်လျှင် သို့မဟုတ်။

(ဃ) ကုမ္ပဏီ၏ကိစ္စရပ်များ ဆောင်ရွက်ခြင်းသည် ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ အကျိုးစီးပွား မဟုတ်ခြင်း သို့မဟုတ် ဖိနှိပ်ဆောင်ရွက်ခြင်း၊ တရားမျှတစွာ မဆောင် ရွက်ခြင်း၊ ကုမ္ပဏီတွင်ပါဝင်သူများကို ခွဲခြားဆက်ဆံခြင်း။

၁၀၂။ တရားရုံး၏အမိန့်အားဖြင့် ကုမ္ပဏီဖျက်သိမ်းသည့် အဓိကအကြောင်းများအနက် တစ်ခုမှာ ကုမ္ပဏီသည် လူမွဲအဖြစ်ခံယူရခြင်းကြောင့်ဖြစ်ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ တွင် သတ်မှတ်ဖော်ပြထားသည့်အတိုင်း ပေးဆပ်ရန်ကျရောက်သည့်အချိန်တွင် ကုမ္ပဏီ၏ကြွေးမြီများ အားလုံးကို ပေးဆပ်နိုင်စွမ်းမရှိသည့်အခါ ကုမ္ပဏီကိုလူမွဲအဖြစ် မှတ်ယူပါသည်။

၁၀၃။ မြီရှင်၊ ကုမ္ပဏီတွင်ပါဝင်သူ၊ ကုမ္ပဏီကိုယ်တိုင် သို့မဟုတ် မှတ်ပုံတင်အရာရှိက တရားရုံး၏ အမိန့်အရ ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန် လျှောက်လွှာကို ဥပဒေနှင့်အညီ လျှောက်ထားနိုင်သည်။ ထို့နောက်တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းရန် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိတစ်ဦးကို ခန့်အပ်နိုင်သည်။

## လုပ်ငန်းဆောင်ရွက်ခြင်းမရှိသောကုမ္ပဏီများကိုစာရင်းမှပယ်ဖျက်ခြင်း

၁၀၄။ မှတ်ပုံတင်အရာရှိ (ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန) သည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ကုမ္ပဏီတစ်ခု၏အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရန် အခွင့် အာဏာရှိသည်။ မှတ်ပုံတင်စာရင်းမှ ဖျက်သိမ်းခြင်းခံရသော ကုမ္ပဏီသည် စီးပွားရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခွင့်မရှိပါ။

၁၀၅။ ကုမ္ပဏီကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းအတွက် အကြောင်းပြချက်များတွင် မှတ်ပုံတင် အရာရှိက စုံစမ်းစစ်ဆေးမှုဆိုင်ရာ အကြောင်းကြားစာပေးပို့ပြီးနောက် ကုမ္ပဏီသည် စီးပွားရေး လုပ်ငန်းကို ဆက်လက်မဆောင်ရွက်သည့်အခါ သို့မဟုတ် နှစ်စဉ်အစီရင်ခံစာ တင်ပြရန် ၆ လ ထက် ကျော်လွန် ပျက်ကွက်ခြင်းအတွက် ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ရပ်ဆိုင်းထားခြင်းခံရသော သို့မဟုတ် မှားယွင်းသော သို့မဟုတ် လိမ်လည်ထားသည့် သတင်းအချက်အလက်များပါဝင်သော စာရွက်စာတမ်း တစ်ခုခုကို တင်ပြခြင်းများပါဝင်သည်။

## အခန်း (၈)

## အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO )

၁၀၆။ MyCO အီလက်ထရောနစ် ကုမ္ပဏီ မှတ်ပုံတင်စနစ်သည် ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ အားလုံး၏ အများနှင့်သက်ဆိုင်သော မှတ်ပုံတင်စာရင်းများကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ တည်ထောင်၍ ထိန်းသိမ်းထားသော စနစ်ဖြစ်သည်။ MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ်မှ ရရှိသည့် သတင်းအချက် အလက်များကို အီလက်ထရောနစ်စနစ်ဖြင့်ထိန်းသိမ်းထားပြီး နေ့စဉ် ၂၄ နာရီ ပတ်လုံး အများပြည်သူမှ ဝင်ရောက်ကြည့်ရှုနိုင်သည့် စနစ်ဖြစ်ပါသည်။

၁၀၇။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ကုမ္ပဏီ၏ကိုယ်စားလှယ် သို့မဟုတ် ကုမ္ပဏီ၏ ကိုယ်စား တတိယပုဂ္ဂိုလ်တို့မှ ပုံစံများနှင့်စာရွက်စာတမ်းများအားလုံးကို မှတ်ပုံတင်အရာရှိထံ အောက် ဖော်ပြပါနည်းလမ်းများဖြင့် တင်သွင်းရန် လိုအပ်ပါသည်-

(က) MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ်ကို www.myco.dica.gov.mm အင်တာနက်စာမျက်နှာမှ အွန်လိုင်းဖြင့်လည်းကောင်း သို့မဟုတ်။

(ခ) MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် ထည့်သွင်းရန် ရင်းနှီးမြှုပ်နှံမှု နှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ခြင်းဖြင့်လည်းကောင်း။

၁၀၈။ ကုမ္ပဏီ၏ဒါရိုက်တာများ(သို့မဟုတ် ကုမ္ပဏီကခန့်အပ်ထားပါက ကုမ္ပဏီ၏အတွင်းရေးမှူး သည်) မှတ်ပုံတင်အရာရှိထံတွင် စာရွက်စာတမ်းများ တင်ပြရန်နှင့် တိကျသည့် သတင်းအချက် အလက်များ တင်ပြရန် ဥပဒေအရ တာဝန်ရှိသူများဖြစ်သည်။ ဒါရိုက်တာများသည် တတိယပုဂ္ဂိုလ် (စာရင်းကိုင်၊ ကိုယ်စားလှယ် သို့မဟုတ် ရှေ့နေစသည်များ) ခန့်အပ်ခဲ့သည့်တိုင် ကုမ္ပဏီ၏ကိုယ်စား စာရွက်စာတမ်းများပေးပို့တင်ပြရန် ဥပဒေအရ တာဝန်ရှိသူများ ဖြစ်သည်။

### MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ် အသုံးပြုခြင်း

၁၀၉။ ကုမ္ပဏီ၏ကိုယ်စား စာရွက်စာတမ်းများကိုတင်ပြရန် သို့မဟုတ် MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် ပါရှိသော အခြားသောလုပ်ဆောင်ချက်များကို သုံးစွဲရန် လူတစ်ဦးလျှင် အီးမေးလ်လိပ်စာ တစ်ခုကိုအသုံးပြု၍ သုံးစွဲသူအကောင့်တစ်ခုကို ဦးစွာဖွင့်လှစ်ရမည်။ သုံးစွဲသူ အကောင့်များကို ကိုယ်ပိုင် (တစ်ဦးတည်းအသုံးပြုသူနှင့်) သို့မဟုတ် စီးပွားရေးလုပ်ငန်း အကောင့် တစ်ခု (အသုံးပြုသူအများဖြင့်) ဖွင့်လှစ်နိုင်သည်။

၁၁၀။ လူတစ်ဦးသည် MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် ကုမ္ပဏီ၏ကိုယ်စား စာရွက်စာတမ်းများတင်ပြရန် ကုမ္ပဏီမှမှတ်ပုံတင်ခြင်းဆောင်ရွက်ရန် ခွင့်ပြုခံရသူ ဖြစ်ရမည်။ ကုမ္ပဏီ

ကို မှတ်ပုံတင်ရန်အတွက် စတင်ဆောင်ရွက်သော ထိုသူသည် (သို့မဟုတ် ကုမ္ပဏီကို ပြန်လည်မှတ်ပုံတင်ရန်) အလိုအလျောက် ကုမ္ပဏီမှတ်ပုံတင်ရန် ခွင့်ပြုခံရသူဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ ၎င်းတို့၏ အီးမေးလ်လိပ်စာ ပေးပို့ထားသော ကုမ္ပဏီ၏ ဒါရိုက်တာများ နှင့် အတွင်းရေးမှူး (ရှိလျှင်) တို့သည်လည်း အလိုအလျောက် ကုမ္ပဏီမှတ်ပုံတင်ရန် ခွင့်ပြုခံရသူဖြစ်သည်။ အခြားသူများအားလုံးသည် ကုမ္ပဏီ၏ကိုယ်စား စာရွက်စာတမ်းတင်ပြရန် ကုမ္ပဏီမှတ်ပုံတင်ခြင်း ဆောင်ရွက်ရန် အခွင့်အာဏာအတွက် ကုမ္ပဏီမှ စာဖြင့်ရေးသားတင်ပြရန် (တစ်ကြိမ်အတွက်သာလျှင်) လိုအပ်မည်ဖြစ်သည်။

## ပုံစံများနှင့်စာရွက်စာတမ်းများကို ပေးပို့တင်ပြခြင်း

၁၁၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရမည့် ဥပဒေအရ လိုအပ်သော ကုမ္ပဏီသတင်းအချက်အလက်များကို MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ်မှရရှိနိုင်သော သတ်မှတ်ပုံစံများကို အသုံးပြု၍ တင်ပြရမည်။ အကယ်၍ သက်ဆိုင်ရာ သတ်မှတ်ထားသည့် ပုံစံများကို အသုံးမပြုပါက တင်ပြခြင်းကို ငြင်းပယ်ခြင်း ခံရမည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနက စာရွက်စာတမ်းများကို ရရှိပြီး လက်ခံသည့်အခါမှသာ စာရွက်စာတမ်းများကို မှတ်ပုံခြင်းဖြစ်သည်။

## ပေးသွင်းရမည့် အခကြေးငွေ နှင့် နောက်ကျကြေး

၁၁၂။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ ပုံစံနှင့် စာရွက်စာတမ်းများကို ပေးပို့တင်ပြခြင်းအတွက် ပေးသွင်းရမည့် အခကြေးငွေများ သတ်မှတ်ထားပါသည်။ ထို့အပြင် စာရွက်စာတမ်းများကို ဥပဒေတွင် သတ်မှတ်ထားသော အချိန်ကာလအတွင်း တင်ပြခြင်း မရှိပါက နောက်ကျကြေး ကောက်ခံမည်ဖြစ်ပါသည်။ သတ်မှတ်ထားသည့် ပေးသွင်းရမည့် အခကြေးငွေနှင့် နောက်ကျကြေးများကို MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင် စနစ်တွင် သတ်မှတ်ဖော်ပြထားပါသည်။

၁၁၃။ အခကြေးငွေများကို MyCOအီလက်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ်မှတစ်ဆင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနရုံးတွင်လည်းကောင်း ပေးဆောင်နိုင်ပါသည်။ သက်ဆိုင်ရာပေးသွင်းရမည့် အခကြေးငွေ သို့မဟုတ် နောက်ကျကြေး ပူးတွဲမပါရှိသော ကုမ္ပဏီက တင်ပြသည့် ပုံစံ သို့မဟုတ် စာရွက်စာတမ်းတစ်စောင်ကိုမျှ လက်ခံလိမ့်မည် မဟုတ်ပါ။

## ကုမ္ပဏီများနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များဝယ်ယူခြင်း

၁၁၄။ MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် ကုမ္ပဏီ၏အထွေထွေအချက်အလက်များကို ပြည်သူများမှ အခမဲ့ ရှာဖွေကြည့်ရှုနိုင်ပါသည်။ MyCO အီလက်ထရောနစ် ကုမ္ပဏီ မှတ်ပုံတင်စနစ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ထိန်းသိမ်းထားသော မှတ်ပုံတင်

ထားသည့် ကုမ္ပဏီများနှင့်အဖွဲ့အစည်းများ၏ သီးခြားအသေးစိတ် အချက်အလက်များကို ဝယ်ယူနိုင်ပါသည်။ ဝယ်ယူနိုင်သောသတင်းအချက်အလက်များဆိုရာတွင် ကုမ္ပဏီ၏ကောက်နုတ်ချက်၊ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ၏ မိတ္တူများနှင့် သက်သေခံလက်မှတ် မိတ္တူများ ပါဝင်ပါသည်။ သတင်းအချက်အလက် ဝယ်ယူခြင်းအတွက် အခကြေးငွေကို MyCO အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် သတ်မှတ် ဖော်ပြထားပါသည်။

## နိဂုံး

၁၁၅။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့်အညီ ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် အခြားဆက်စပ်သော ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိရာ ကုမ္ပဏီများအနေဖြင့် သိရှိလိုသည်များကိုလည်းကောင်း၊ မရှင်းလင်းသည်များကိုလည်းကောင်း၊ MyCO အီလက်ထရောနစ်မှတ်ပုံတင်စနစ်ကို အသုံးပြု၍ ကုမ္ပဏီ မှတ်ပုံတင်ဝန်ဆောင်မှုများနှင့် ပတ်သတ်၍လည်းကောင်း၊ သတင်းအချက်ရယူခြင်းနှင့် ကုမ္ပဏီ မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်းကောင်း အောက်ပါအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကုမ္ပဏီရေးရာဌာနခွဲ**

ဖုန်း - ၀၁ ၆၅၇၈၉၁
၀၁ ၆၅၇၈၁၀၃ (လိုင်းခွဲ ၁၀၃၊ ၁၀၄၊ ၁၀၅)

ဖက်စ် - ၀၁ ၆၅၈၁၃၅

Hotline - ၁၈၈၇

email - dica@mptmail.net.mm

web - www.myco.dica.gov.mm

လိပ်စာ - အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

DICA

Directorate of Investment and Company Administration

မှ ထုတ်ဝေသည်။

ADB

Japan Fund for Poverty Reduction

From the People of Japan

တို့မှ ပံ့ပိုးကူညီသည်။